CHANC

စိတ်ကူးချိုချိုအနုပညာ



ပီ–မိုးနင်း

# မသိသူ ကျော်သွား
# သိသူ ဖော်စား

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



ပီ – မိုးနှင်း

# မသိသူ ကျော်သွား
# သိသူ ဖော်စား

PMN0057
1,500.00 KS

mgyoe.com

မသိသူကျော်သွားသိသူဖော်စား / ပီ-မိုးနှင်း
စာမျက်နှာ ၁၂၄ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၁ ဥယျာဉ်မြေစာပေ၏ ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# မသိသူကျော်သွား
# သိသူဖော်စား
# ပီ–မိုးနှင်း

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပီမိုးနင်း၏ အတ္ထုပ္ပတ္တိ

သာယာဝတီအပိုင်၊ သုံးဆယ်မြို့ အနောက် ရွာမရွာ၌ ၁၂၄၅–ခုနှစ်တွင် လက်လုပ်လက်စား မိဘများမှ မွေးဖွားခဲ့သည်။

သုံးဆယ်မြို့ အာ–စီ–အင်ကျောင်း၊ မော်လမြိုင် ဆင်မနာရီကျောင်း၊ ပုလောပိနံမြို့ အရှေ့အာရှတိုက် သာသနာ့သိပ္ပံကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။

ငယ်စဉ်က ခရစ်ယာန်ဘာသာဝင်ဖြစ်သော်လည်း အသက် ၂၀ အရွယ်တွင် ဗုဒ္ဓဘာသာသို့ ကူးပြောင်း ကိုးကွယ်ခဲ့သည်။ ပြည်မြို့လယ်တီဆရာတော်ဘုရားထံ၌ ရဟန်းဘဝကို ရယူခဲ့သည်။

အသက် ၂၅ နှစ်ခန့်တွင် အိမ်ထောင်ပြု၍ သားသမီး ၇ ယောက်မျှရခဲ့သည်။

ဟံသာဝတီပုံနှိပ်တိုက်နှင့် သူရိယသတင်းစာတိုက် တို့တွင် ဘာသာပြန်သူအဖြစ်လည်းကောင်း၊ မြန်မာ့ အလင်းသတင်းစာတွင် သတင်းစာဆရာအဖြစ်လည်း ကောင်း လုပ်ကိုင်ဆောင်ရွက်၍ စာပေဝန်ကို ထမ်းဆောင်

mgyoe.com

mgyoe.com



ခဲ့သည်။ ပညာအလင်းသတင်းစာတွင် 'ပိုက်ဆံကြီး' အမည်ဖြင့်လည်း လူကြိုက်များထင်ရှားခဲ့သည်။

လူတိုင်း သိနားလည်ရန် ခဲယဉ်းသော စိတ်ပညာကျမ်းစသည်တို့ကို မြန်မာဘာသာဖြင့် လူတိုင်းနားလည်အောင်ရေးသားခဲ့သည့် သူ၏ကလောင်စွမ်းကို လူတိုင်းအံ့မခန်းဖြစ်ခဲ့ကြရသည်။

❒

mgyoe.com

mgyoe.com

## – ၁ –
## လက်တွေ့စီးပွားရေး

မြန်မာလူမျိုးများသည် အလုပ်သစ်အလုပ်ဆန်းများကို ထွင်လေ့မရှိ၊ တစ်ယောက်ယောက် အသစ်ထွင်မှ လိုက်၍ လုပ်တတ်ကြ၏။ သို့လိုက်၍ လုပ်ခြင်းမှာလည်း လူမျိုးကွဲများကို မကြည့်၊ မြန်မာအချင်းချင်းများကိုသာ ကြည့်တတ်လေရာ လူမျိုးကွဲများလုပ်လျက် ကြွယ်ဝ၍နေသော အလုပ်တွေ များစွာရှိကြလေသည်။

ထိုအလုပ်များကို မြန်မာလူမျိုးများ မလုပ်ကြသေးချေ။ တစ်ယောက်ယောက် လုပ်သောအခါကျမှ တုပရန် စောင့်နေကြဟန်တူ၏။ ဥပမာ နံပြားအလုပ်၊ ပေါင်မုန့်အလုပ်၊ ခေါက်ဆွဲအလုပ်၊ ကြာဆံအလုပ်များကဲ့သို့ အောက်ကျသည် မှတ်ထင်ရသော အလုပ်ငယ်တွေ ဖြစ်ကြလေသည်။

နံပြားအလုပ်ကို မြန်မာအနည်းငယ်လုပ်ကြ၏။ သို့သော် ဖြစ်မြောက်အောင်မလုပ်ကြပေ၊ ဘန်ဂါလီ အလုပ်မှာလည်း ထို့အတူပင်ဖြစ်လေသည်။

mgyoe.com

mgyoe.com


အလုပ်မှန်သမျှမှာ ဉာဏ်လို၏။ ထိုဉာဏ်ကိုမသိဘဲ ကွန်တီနင်တယ်တို့ကဲ့သို့ မုန့်ဆိုင်ကြီးမျိုးကို ငွေရင်းများစွာ စိုက်ထုတ်၍လုပ်လျှင် ပျက်စီးကြရမည်မလွဲပေ။ သို့တည်းမဟုတ် 'မြေစမ်းခရမ်းပျိုး' သည့်နည်းမျိုးအတိုင်း အဖိုးငယ်ငယ်ကလေးတစ်ခုနှင့် ပေါင်မုန့်တစ်ခုကို တွင်တွင်လုပ် မြန်မာအိမ်များ၊ အင်္ဂလိပ်အိမ်များကိုလိုက်၍ အကြောင်းကြား ကြော်ငြာစာရွက်များကို ကမ်း၍ ငွေရင်း အတော်အတန်စိုက်ထုတ်ပြီး နည်းစနစ်ကျကျလုပ်လျှင် မြန်မာလုပ်သော ပေါင်မုန့်ကိုမသုံးဘဲနေကြမည် မဟုတ်ပေ။

ထိုအလုပ်မှာ လွန်စွာခက်ခဲသော အလုပ်မဟုတ်ပေ။ ဂျုံကိုနယ်ဖို့လူတစ်ယောက် နှစ်ယောက်နှင့်စ၍ ငယ်ငယ်ကမှ ကြီးအောင်လုပ်နိုင်ကြ၏။ နေရာလည်း ကြီးကျယ်စွာ မလိုပေ၊ အင်ဂလို အင်ဒီးယန်းလူမျိုးများထဲ၌ မိမိတို့၏သုံးနေကျ မီးဖိုချောင်မှ မုန့်အမျိုးမျိုးကိုလုပ်၍ အသိမိတ်ဆွေများကို ရောင်းချလျက် စိတ်ငြိမ်စွာ အကျိုးခံစားလျက်ရှိကြသော မိန်းမများ ရှိကြလေသည်။

အလုပ်ကိုလုပ်ရာ၌ ရိုးသားလျက် ဖိဖိစီးစီးလုပ်ကိုင်အသက်မွေးလိုသော ဆင်းရဲသူ ဆင်းရဲသားကလေးများအား "ငါအလုပ်ပေးမည်၊ ငါတို့နှင့်ဝေ၍ စားမည်လော၊ မင်းတို့ရောင်းကြ ငါကလုပ်ပေးမည်" ဟု တိုင်ပင်၍ လုပ်ကြမည်ဆိုလျှင် အမျိုးသားချင်းကို ကူညီကြပေမည်။

"မဖြစ်နိုင်ပါဘူး၊ ပေါင်မုန့်လုပ်တဲ့ ကုလားတွေ အများကြီးပဲ" ဟု ပြောသူများ ရှိကြပေမည်။ အလုပ်တစ်ခုခုကို လုပ်လိုသည့်အခါ လုပ်သူတွေ များသည်၊ မများသည်ကို ဂရုစိုက်ဖို့မလို၊ ၎င်းတို့ထက် ထူးအောင်၊ ကောင်းအောင်၊ တစ်ချက်ချက်မှာပိုမို၍ ဖောက်သည်များ စိတ်ကျေနပ်အောင် လုပ်တတ်သော ဉာဏ်နှင့် စိတ်နေသဘောထား ကောင်းမြတ်ခြင်းသာ လိုလေသည်။

mgyoe.com

mgyoe.com


လွန်ခဲ့သော လေးနှစ်လောက်က မုန့်ဖက်ထုပ် လည်၍ရောင်းသူ တစ်ဦးကို တွေ့ရသည်။ ၎င်း၏ မုန့်ဖက်ထုပ်မှာ အခြားမုန့်ဖက်ထုပ်များ ထက် အနည်းငယ်ပို၍ ကြီးမားပြီး ဥာပနာပါရှိသော အုန်းသီး၊ သကြား အပြင် အုန်းနို့အလွတ် ဆမ်း၍ပေးလေသည်။

၎င်းအား "မြတ်ကဲ့လား" မေး၍ကြည့်ရာ "လောဘကြီးတိုင်း ရအောင်လုပ်လို့ ဘယ်ရမလဲ ခင်ဗျာ၊ အသင့် အတင့် ဝတ်ရ စားရသူ တစ်ပါးဆီ မမှီခိုရဘဲ နေရစားရအောင်တော့ ရတာပေါ့။ စိတ်စေတနာ ကောင်းကောင်းထားပြီး ရောင်းသည့်အတွက် ကျွန်တော့်မုန့်ဖက်ထုပ်ဟာ သူများထက်တစ်ဆပိုတွင်ပြီး သူများလောက်လည်း ကြာကြာမရောင်းရ ဘူး၊ များများတွင်သည့်အတွက် နည်းနည်းပိုလုပ်ရတဲ့ အလုပ်ကလေး တစ်ခုရှိတာပါပဲ" ဟု ပြောလေသည်။

အုန်းထမင်းရောင်းသူတစ်ယောက်အားမေး၍ကြည့်ရာ.. "ကျွန်တော် တစ်မနက်ကလေး ထိုးနှင့်လျှောက်ရတာပဲ၊ ကျွန်တော့် ကုလားကလည်း တစ်မနက်နဲ့ ငါးမူးရသည့်အတွက် ကျေနပ်လို့ ခင်ဗျား"

"ကျွန်တော်တော့ တစ်လတစ်ရာစား စာရေးအလုပ်ကို မတတ်လို့ ပြောတာမဟုတ်ပါဘူး။ တတ်ရင်လည်း မလုပ်ပါဘူး။ စာရေးလိုဟန် စတိုင်နဲ့ နေဖို့မလိုသည့်အတွက် အညာကို တစ်လခြောက်ဆယ်လောက် ပို့ရပါတယ်။ ကျွန်တော့်မှာ ရောင်းတဲ့ထမင်းစားပြီး အသားတင် တစ်လ သုံးလေးဆယ် သုံးရပါတယ်..." ဟု ပြောလေသည်။

ခေါက်ဆွဲရောင်းသော တရုတ်တစ်ယောက်အား မေးကြည့်ရာ... "ပေါက်ဖော် တစ်နေ့လေ ငါးမူး ဘိန်းဆူလယ်၊ ငါးမူးထမင်းစားလယ်၊ ငါးမူးမိန်းမယူလယ်၊ တစ်ကျပ် တိုလီမိုလီစုံးလယ် လောကောစောက် လယ်၊ အိမ်လခ တစ်မတ်ပေးလယ်၊ မြန်မာတိုင်းပြည်ပိုက်ဆံပေါလယ် ချမ်းစာလာပေါ့..." ဟု ပြောဖူးလေသည်။

mgyoe.com

mgyoe.com



သရေစာသည်များမှာ– သန့်ရှင်းခြင်း၊ ကောင်းအောင် စေတနာထားခြင်း၊ သူဌေးဖြစ်ဖို့စိတ် မမြန်လွန်ခြင်း ဤစိတ်မျိုးရှိလျှင် ဆင်းရဲသားအလုပ်များမှာ ကြီးပွားနိုင်၏။ တရုတ်ခေါက်ဆွဲဆိုင်များမှာ ကြီးပွား၍ မြန်မာဆိုင်များ ပျက်ကြသည်မှာ အဘယ်ကြောင့်ပါနည်း။ မြန်မာမှာ ဝီရိယ မရှိခြင်းကြောင့် များများကြီး ချက်ပြုတ်ခုတ်စဉ်း ပြင်ဆင်ခြင်း မလုပ်နိုင်ကြသဖြင့် အနည်းငယ်မျှနှင့် အမြတ်များ လိုချင်ကြသောကြောင့် ဖြစ်လေသည်။

တရုတ်များမှာ ထိုကဲ့သို့မဟုတ်၊ အမြတ်နည်းနည်းနဲ့ များများကြီးတွင်အောင်လုပ်ခြင်းမှာ ချက်ပြုတ်၊ ခုတ်စဉ်း၊ ထုတ်ခြင်း၊ ပတ်ခြင်းအလုပ်များ၌ အပင်ပန်းခံဖို့ လိုလေရာ မြန်မာလူမျိုးများမှာ ထိုကဲ့သို့ အပင်ပန်းမခံနိုင်ကြသဖြင့် အဖိုးကြီးကြီးနှင့် ပထမတန်း အကောင်းဆုံးကို နည်းနည်းမျှရောင်းဖို့ စိတ်ကူးကြလေသည်။

မြန်မာခေါက်ဆွဲဆိုင်များ ပေါ်စဉ်က တစ်မတ်တန် ခေါက်ဆွဲအကောင်းကိုသာ စားရဖူး၍ သင့်လျော်စွာ ကောင်းသော တစ်မူးတန်ခေါက်ဆွဲကိုမူ မစားကြရပေ။

ယခုညဉ့်အခါ၌ "ဆိပ်ကြီးပဲလှော်" "ပဲကျားလှော်" ဟုအော်၍ ရောင်းသူများရှိကြ၏။ သူငယ်တစ်ယောက်မှာ တစ်ညဉ့်လျှင် နှစ်ကျပ်ခွဲရသည်ဟု ပြော၏။ ဆယ်နာရီအထိ မရောင်းရပေ။ ၎င်းမှာ တစ်ပြားဖိုးဝယ်လျှင် အများကြီးပေး၍ ရောင်းသူဖြစ်၏။

အဘိုးကြီးတစ်ယောက်မှာ ညဉ့်နက်သန်းခေါင်အထိ ရောင်းရသော်လည်း ထိုယောကျ်ားပျိုလောက်မတွင်ရှာပေ။ အကြောင်းမူကား ကောက်ပဲသီးနှံ လွန်စွာပေါသော ခေတ်မှာ တစ်ပြားဖိုးလျှင် အစေ့တစ်ဒါဇင် သာသာမျှပေးကာ စေးစေးနဲ့နဲ့ ရောင်းသူဖြစ်ကြောင်း သိရလေသည်။

mgyoe.com

mgyoe.com


စိတ်သဘောကြီးကြီးနှင့် ယောကျ်ားပီသစွာ စေတနာသဒ္ဓါတရားနှင့် ရောင်းချတတ်ချေက မည်သူမျှ ငတ်ဖို့မရှိပေ၊ ထို့အပြင် ယခုခေတ်အခါ၌ ကျိုးနွံစွာ လုပ်ကိုင်ရှာဖွေသူတို့ကို မရှုတ်ချသည်သာမက အားပေးချီးမွမ်းကြသည်သာ များသောခေတ် ဖြစ်လေသည်။

## -၂-

## မြန်မာလူမျိုးတို့သည် အလုပ်ကိုရွေးချယ်သင့်သလော

"ဟိုအလုပ်ကား သေးနုပ်သည်၊ သည်အလုပ်ကား ပင်ပန်းသည်" စသည်ဖြင့် အလုပ်ကို ရွေးချယ်တတ်သော သဘောကား မြန်မာလူမျိုးများ၌ အစဉ်အလာ ဖိစီးစွဲကပ်နေသော ရောဂါဆိုးကြီးတစ်ခုဟု ဆိုရပေမည်။

အကြောင်းရင်းကို စိစစ်သော်... စိတ်နေသဘောထားအထက်တန်းကျနေ၍ တော်တော်တန်တန် အလုပ်ကို သေးနုပ်သိမ်ဖျင်းသည်ဟု ထင်မှတ်နေခြင်း ဖြစ်လေသည်။

ဤသို့အထက်တန်းကို လုသောစိတ်တို့ရှိခြင်းကား... လွန်စွာမှအဖိုးတန်သည်မှန်၏။ သို့သော်... စိတ်တစ်ခုတည်းသာ အထက်တန်းတွင်နေ၍ စိတ်သွားတိုင်း ကိုယ်မပါနိုင်ပါက လိုရာသို့ မရောက်နိုင်ကြောင်းကို ကောင်းကောင်းကြီး သတိပြုအပ်လှပေ၏။

အလုပ်တစ်ခုခုကို ရွေးချယ်အပ်သော သူတို့ကား... ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလနှင့် ပြည့်စုံသော သူများမှာ အနည်းငယ်တော်၏။ ဤအထက်ပါ အရည်အချင်းတို့နှင့် မပြည့်စုံဘဲ အလုပ်ကို ရွေးချယ်ပါမူ နိုင်ငံခြားသားများ၏ လက်ဝယ်သို့ ရောက်တတ်ကြသဖြင့် မြန်မာလူမျိုးတိုင်းရင်းသားတို့မှာ အလုပ်လက်မဲ့ဖြစ်ကာ "ဘုန်းကြီးပျံလည်းမမီ ထီးတင်ပွဲလည်း မတွေ့" ဆိုသလို အလဟဿ ငွေကုန်အချိန်

mgyoe.com

ကုန် ဖြစ်ရပြီးလျှင် တစ်စစ လူမွဲဘဝသို့ ရောက်မှန်းမသိ ရောက်လျက် အချိန်လွန်မှ နောင်တကြီးစွာ ရတတ်ကြကုန်၏။

ထို့အပြင်လည်း ဇာတိမာန်ကို အလွဲသုံးစားရာ ရောက်သည့်ပြင် မိမိတို့စိတ်၌ သိမ်ဖျင်းသည်ဟု စွန့်လိုက်သော အလုပ်ကို လုပ်ကြ၍ ကြီးပွားထင်ပေါ်နေသော နိုင်ငံခြားသားတို့၏ ခြေရင်းသို့ မျက်နှာမွဲဖြင့် ဝပ်စင်းကာ ခိုကပ်ရသောကြောင့် တိုင်းရင်းသား မြန်မာတို့မှာ... အကယ် စင်စစ် ရှက် ကြောက်ဖွယ်အချက်ကြီးတစ်ချက် ဖြစ်ရတတ်ပေသည်။

ဤကဲ့သို့ မိမိတို့အခြေအနေနှင့်လိုက်၍ လက်လှမ်းမီနိုင်သော အလုပ်တို့မှာ အဆင်သင့်ရှိပါလျက် အလုပ်ကို ရွေးချယ်နေပါက နိုင်ငံခြားသားတို့၏ စားပေါက် စားလမ်းကို ရှာကြံ၍ ဖွင့်ပေးသည်နှင့် တူသည့်ပြင် ချောင်ချိမှန်းသိသဖြင့် ပါးနပ်သော လူမျိုးခြားတို့ကား မြန်မာပြည်တွင်းသို့ ဝင်လာမစဲ တသဲသဲ ဝင်လာလျက် မြန်မာလူမျိုးတို့က ရှက်သလို အားနာသလိုနှင့် ပြန်၍ မတိုးရဲသဖြင့် လောကဝတ် ကျေပွန်၍ ဧည့်ခံကောင်းသော တိုင်းရင်းသား မြန်မာလူမျိုးတို့မှာ နောက်ဆုတ်လမ်းဖယ်၍ ပေးရသဖြင့် မြို့တွင်းမှာပင် မနေနိုင်ကြဘဲ မြို့၏အစွန်အဖျား မြေနိမ့် မြေချိုင့်များကို မြူနီစီပါယ်မှ ညီညွတ်အောင် ဖို့ပေးရာ အရပ်ကို "ဖို့မြေ" သို့မဟုတ် "ကွက်သစ်" ဟု ခေါ်တွင်စေလျက် သွားရောက်နေထိုင်ရသည်မှာ မျက်မြင်ပင်ဖြစ်လေသည်။

အချို့တို့ကား အရင်းအနှီးကိုရှိုးမယ်ဖွဲ့ကာ "ငါတို့မှာ ငွေတစ်ရာ လောက် အရင်းမရှိလျှင် ဘယ်အလုပ်ကို လုပ်နိုင်မှာလဲ၊ ငါးရာလောက် ရှိလျှင် ဘယ်လိုဟာမျိုးမဆို လုပ်ကိုင်ပြစမ်းချင်တယ်" အစရှိသဖြင့် ရောက်တတ်ရာရာ အပြောအမျိုးမျိုး ဆင်ခြေအမျိုးမျိုးနှင့် အချိန်ဖြုန်းကြလေသည်။

ဤကဲ့သို့ ကိန်းသေ မဟုတ်သည်တို့ကို ရှိုးမယ်ဖွဲ့ကာ တွက်ချက်

mgyoe.com

mgyoe.com


အချိန်ကုန်စေမည်ထက် ငါးကျပ်ရှိလျှင် ငါးကျပ်နှင့် တော်သောအလုပ် တစ်ဆယ်ရှိလျှင် တစ်ဆယ်နှင့် တော်သော အလုပ်မှ စ၍ လုပ်မှသာ လျှင် မိမိတို့လိုအပ်သော ဆန္ဒကို ဖြည်းဖြည်းရမည်ကားမလွဲပေ။

အထက်တန်းအလုပ်ကို ရွေးချယ်သော သူများသာ အလုပ်ရှားသော် လည်း တွေ့မရှောင် လုပ်ကိုင်စားသောက်သူများ အဖို့မှာမူ အလုပ်ရှား မည် မဟုတ်ပေ။ မိမိတို့နှင့် သင့်တော်ရာအလုပ်၊ နီးစပ်ရာအလုပ်ကို စတင်လုပ်ကိုင်ပြီးလျှင် တော်တော်တန်တန် ဟန်ရသော အခြေသို့ ရောက်သောအခါမှသာ မိမိတို့၏ အရည်အချင်းကိုလိုက်၍ အလုပ် ပြောင်းလဲရန် သင့်လေသည်။

ဎင်းကဲ့သို့ အလုပ်တစ်ခုခုကို မြဲမြဲစွဲစွဲ လုပ်ကိုင်စားသောက်ကြသဖြင့် တဖြည်းဖြည်း ကြီးကျယ်ခမ်းနားသော အခြေသို့ရောက်ရှိပြီးသောသူတို့ မှာ ကမ္ဘာနှင့်အဝှမ်း အထင်အရှား များပြားလှသောကြောင့် ဖော်ပြရန် မလိုပေ။

မြန်မာလူမျိုး တစ်မျိုးတည်းမှ ထူးထူးချွန်ချွန် အလုပ်ကြမ်းကို လုပ်ကိုင်ရသည်မဟုတ်၊ ကမ္ဘာပေါ်၌ ရှိရှိသမျှ လူမျိုးတိုင်းပင် အလုပ် ကြမ်းကို လုပ်ကိုင်ကြရသဖြင့်... အောက်တန်းကျသည်မဟုတ် ကူလီမှ သူဌေးကြီးအထိ၊ စာရေးမှ ဝန်ထောက်အထိ လုပ်ရသောသူ အသီးသီး တို့မှာ လုပ်ငန်းနှင့် အမည်သာ ကွဲပြားသော်လည်း အသီးသီး သူ့တာဝန် နှင့်သူ လုပ်ကိုင်ကြရသဖြင့် လုပ်သားချင်း အတူတူဖြစ်ရကား... ဘာမျှ ရှက်ကြောက်အားငယ်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် တိုင်းရင်းသားမြန်မာလူမျိုးတို့မှာ သမ္မာအာဇီဝဟုဆိုအပ် သော မိမိတို့၏အသက်မွေးဝမ်းကျောင်းအဖို့ လုပ်ကိုင်ရှာဖွေကြရသည် မှာ ဂုဏ်သေးသိမ်သောအလုပ် မဟုတ်သည့်ပြင် မည်သူမဆို အောက် တန်းစားဘဝမှ အထက်တန်းစားသို့ရောက်ရမြဲ ဓမ္မတာဖြစ်သဖြင့် မိမိ

mgyoe.com

mgyoe.com

တို့၏အခြေအနေကို လိုက်ပြီးလျှင် အလုပ်အကိုင်များကို မရွေးချယ်ဘဲ ရရာကိုသာ လုပ်ကိုင်သင့်ကြောင်း။

## - ၃ -
## လက်တွေ့လုပ်ငန်း

ကုလားလူမျိုးများသည် မြို့များ ရွာများသို့ လှည့်လည်၍ နာရီပြင်ဖို့ရှိပါသလား၊ သော့ပြင်ဖို့ ရှိပါသလား၊ ဆေးသုတ်ဖို့ရှိပါသလား စသည်ဖြင့် တစ်အိမ်တက်ဆင်း ဝင်ရောက်ကာမေးမြန်းရှာဖွေလုပ်ကိုင်ကြသဖြင့် နေ့တွက်စီရုံ၊ ဝတ်ရ၊ စားရရုံမျှမက နောင်တစ်စစ ကြီးကျယ်ကာ အလုပ်ရုံကြီးများ ဖြစ်ကြလေသည်။

မြန်မာလူမျိုးများ လျှောက်လွှာကို ကိုင်၍ အလုပ်တိုက်ကြီးများသို့ အလုပ်လျှောက်တောင်းနေမည့်အစား အသက်မွေးမှုတစ်ခု ပညာကိုယ်စီနှင့် မရှက်မကြောက် စုံစမ်းရှာဖွေ လုပ်ကိုင်ကြမည်ဆိုလျှင် စီးပွားလမ်းတွေ များစွာရှိကြလေသည်။

ထိုကဲ့သို့ ရိုးရိုးသားသား ထကြွလုံ့လ ဥဿာဟနှင့် လုပ်ကိုင်ကြလျက် အဝင်နှင့်အထွက်မျှအောင် သုံးစွဲနေထိုင်တတ်ကြချေက လုံလောက်စွာ ဝတ်ရစားရမည့်ပြင် သားသမီးများကိုပင် ပညာသင်ပေးနိုင်ကြဖို့ရှိလျက် ကိုယ်စိတ်နှစ်ဖြာ သုခချမ်းသာခံစားကြဖို့ရှိလေသည်။

ယခုခေတ်လည်း... ရှေးကနှင့်မတူ အသိအမြင်တိုးတက်ကြသဖြင့် ရိုးသားစွာ စီးပွားရှာသူများအား... မည်သူမျှ ကဲ့ရဲ့ရှုတ်ချခြင်းမပြုရုံမက ချီးမွမ်း အားပေးစကားများကိုပင် ပြောကြလေရာ အဘယ်မှာ ရှက်ဖွယ်ရာ ရှိပါမည်နည်း။

မြန်မာလူမျိုး၏ ကြီးပွားတိုးတက်ရေးလမ်းဩ လို၍နေသော အရာတစ်ခုမှာ "အရောင်းတတ်ခြင်း" ဖြစ်လေရာ ကုန်တိုက်များမှ နမူနာ

mgyoe.com

mgyoe.com


ပစ္စည်းကိုယူ၍ လှည့်လည်စပ်ဟပ် ရောင်းချခြင်းဖြင့် ကုန်သွယ်ဖောက်ကားခြင်းအတတ်ကို တတ်ကြဖို့ရှိလေသည်။

ခရီးသွားရောင်းချခြင်း အတတ်သည် ကုန်သည်ကြီးအဖြစ်သို့ ရောက်အောင် စ၍လေ့ကျင့်ရသော လေ့ကျင့်သင်ကြားခြင်းဖြစ်ရာ လေ့ကျင့်သင်ကြားခိုက်မှာပင်... ငွေကြေးရလမ်းကြီးတစ်ခုဖြစ်သဖြင့် အဘယ်မျှလောက် အကျိုးများသည်ကို အထူးပြောရန် မလိုပေ။

ကြီးပွားခြင်း၏ အရေးကြီးဆုံးသော နည်းလမ်းများဖြစ်ကြသည့် လူကဲခတ်ခြင်း၊ စကားပြောတတ်ခြင်း၊ လူ၏စိတ်ကိုပါအောင်ဆွဲခြင်း၊ လူပေါင်းတတ်ခြင်း၊ အခက်အခဲတို့ကိုနိုင်ခြင်း၊ ရဲရင့်ခြင်း စသည်တို့ကို ခရီးသွား ရောင်းချခြင်း အလုပ်၌ လေ့ကျင့်ခြင်း အလုပ်၌ အကုန်အစင် ရနိုင်ကြလေသည်။

ခရီးသွားရောင်းချခြင်းအလုပ်၌ များစွာ မကြော်ငြာရသေးသော ဆိုင်သစ်ကြီးများမှ ကုန်ပစ္စည်း တစ်မျိုး နှစ်မျိုးကိုဖြစ်စေ၊ အများသုံးမည့် ကုန်ပစ္စည်း အသစ်အဆန်းများကိုဖြစ်စေ စတင်ရောင်းချခြင်းဖြင့် အစပြု၍ အမြတ်ကော်မရှင်ကို ရနိုင်ကြရုံမက အချို့ဆိုင်များက လစ်းစရိတ်ကိုပင် ထုတ်၍ပေးကြလေသည်။

ဆိုင်များမှ ကုန်ပစ္စည်းများကို ရောင်းချပေးခြင်းအလုပ်ကို လုပ်လိုသူတို့မှာ အလုပ်ကို လျှောက်တောင်းရသည်နှင့် မတူ၊ ၎င်းတို့၏ ကုန်ပစ္စည်းများကို ကူညီရောင်းချပေးသော အကျိုးဆောင်အဖြစ်နှင့် ဝင်ရောက်ပြောဆိုရခြင်းဖြစ်၍ အောက်ကျသော အလုပ်မဟုတ် ရဲရင့်ခြင်းသာ လိုလေသည်။ ထိုအလုပ်မှာ အရပ်ရပ်နှံ့စပ်၍ ဗဟုသုတနှင့် အသိမိတ်ဆွေ များစွာတို့ကိုလည်း အရပ်ရပ်မှာ ရနိုင်လေရာ ထိုအရာများသည် ကြီးပွားခြင်းသို့ အထောက်အပံ့များပင် ဖြစ်ကြပေသည်။

mgyoe.com

mgyoe.com

# - ၄ -
## ခဝါအလုပ်

ရှေးအခါက အလုပ်မြတ် အလုပ်ယုတ် ဟူ၍ ခြားနားခြင်းများကို ပြုကြ၍ ယခုအခါ၌ ထိုခြားနားခြင်းမရှိ၊ ငွေကြေးရ၍ ကြီးပွားနိုင်လျှင် အလုပ်ကောင်း အလုပ်မြတ်များသာ ဖြစ်ကြသည်ဟု ဆိုရပေမည်။

ယခုအခါ နာမည်ကျော်ကြားနေသော ပင်းမင်းဆိုင်ကြီးများမှာ အစ၌ ခဝါအလုပ်ပင်ဖြစ်လေရာ ကြီးကျယ်၍လာသောအခါ ပင်းမင်းဟု ခေါ်ကြလေသည်။

ထိုအလုပ်သည် အရင်းငွေများစွာ မလိုသော အလုပ်ဖြစ်ရာ တည်တန့်ကောင်းမွန် မှန်ကန်စွာ နည်းစနစ်ကျကျလုပ်လျှင် ကြီးကျယ်နိုင်ကြောင်း မျက်မြင်ဖြစ်လေသည်။

ထိုအလုပ်မှာ လမ်းတိုင်း၌ရှိသည်။ ဝင်စရာ တိုးစရာ အကွက်မရှိဟု ပြောစရာမရှိပေ။ မည်သည့်အလုပ်မှာမဆို ထူးချွန်ကောင်းမွန်၍ ဖောက်သည်များ အထူးပိုမိုရ၍ ကြီးပွားနိုင်လေသည်။

ဤမျှလောက် ပင်းမင်းဆိုင်တွေ များသော်လည်း ကြီးပွားသူနည်းပါးလေရာ မကြီးပွားသူ များစွာတို့မှာ နည်းလမ်းမကျခြင်းကြောင့် ဟူ၍သာ ဆိုဖွယ်ရှိသဖြင့် ၎င်းတို့၌ အဘယ်ချို့ယွင်းချက်များ ရှိသည်ကို စိစစ်ရှာဖွေကာ ပိုမိုကောင်းမွန်အောင် လုပ်ကြမည်ဆိုလျှင် ကြီးကျယ်နိုင်ဖို့ လမ်းစတွေ့နိုင်လေသည်။

ဆိုင်တွေ အများကြီးရှိသည်ဟု တွေးကာစိတ်ပျက်ဖို့ မရှိပေ၊ ရန်ကုန်မြို့သည် တစ်နေ့ထက်တစ်နေ့ ကြီးကျယ်လျက် လူဦးရေလည်း တိုးတက်လျက်ပင် ရှိနေလေရာ လူကြီးလူကောင်းများအသုံးပြုလောက်အောင် စနစ်ကျသော ဆိုင်များကိုတည်ထောင်လျှင် အဝေးသို့ပို့ရသော လူကုံထံများထံမှ အလုပ်များကို ရနိုင်ဖို့ ရှိလေသည်။

.mgyoe.com

အကြောင်းမူကား အချို့သော ဥရောပတိုက်သားများသည် မိမိတို့၏ အဝတ်များကို ရန်ကုန်မြို့ရှိ ပင်းမင်းများ သို့မဟုတ်ဘဲ ပြင်သစ်ပြည် ပါရစ်မြို့၊ အင်္ဂလန်ပြည် လန်ဒန်မြို့သို့ ပို့သည်ဟု ကြားရလေသည်။ အကယ်၍ ငွေရင်း ကြေးရင်းများစွာ ရှိသူများကို အလုပ်ကို လုပ်လိုကြလျှင် ဥရောပတိုင်းသို့သွားပြီး အထူးသဖြင့် ပါရစ်မြို့မှာထိုအလုပ်ကို စုံစမ်းသင်ကြား၍ နောက်ဆုံးပေါ်သော ကိရိယာများနှင့် အလုပ်ကိုတည်ထောင်ခြေက ရုပ်ရှင်လောက် အရင်းမကြီးဘဲ အကျိုးအမြတ်ကို ကျိန်းသေခံစားနိုင်ဖို့ ရှိလေသည်။ အကြောင်းမူကား ပြင်သစ်ပြည် ပါရစ်မြို့သို့ ထိုအလုပ်ကို စပါယ်ရှယ် သွားရောက်နည်းခံခဲ့၍ နောက်ဆုံးပေါ် လက်နက်ကိရိယာများနှင့် အလုပ်တည်ထောင်သည်ဟူသော သတင်းတစ်ခုသည် စမ်းသပ်အပ်နှံလိုသော စိတ်ကိုအထူးနှိုးဆွသော ကြော်ငြာဖြစ်နိုင်လေသည်။

ထိုအခါ ပါရစ်မြို့သို့လှမ်း၍ အပ်သူများထံမှ အလုပ်များကို ရနိုင်မည်ကား မလွဲပေ။ မည်သည့် အလုပ်မှာမဆို ဖောက်သည်ကို ကြည်ဖြူအောင် ဂရုစိုက်ခြင်းသည် အရေးကြီးဆုံးသော အချက်တစ်ခု ဖြစ်လေရာ မြန်မာလူမျိုးများမှာ ထိုအချက်၌ များစွာ လစ်ဟင်းလေသည်။ အထူးသဖြင့် အောက်အရပ် ရန်ကုန်မြို့မှာ သာ၍ လိုသဖြင့် ထိုအချက်ကြီးကို သတိပြုရန် သင့်လှပေကြောင်း။

## – ၅ –
## သရက်ပြင်လုပ်ငန်း

ရှေးအခါက သရက်သီးအမှည့်များကို ဆန်ခါနှင့် တိုက်၍ အနှစ်ကို မုန့်ဆီကြော်ကဲ့သို့ အပြားပြုလုပ်နေလှန်းထားကြပြီး သရေစာတစ်မျိုးအဖြစ်နှင့် စားသုံးကြ၏။ ရပ်ဝေးသို့ လက်ဆောင်ပေးကြလေသည်။

mgyoe.com

mgyoe.com

ထိုသရက်ပြင်များမှာ သကြားသော်လည်းကောင်း၊ ထန်းလျက်၊ ကြံသကာသော်လည်းကောင်း ထည့်၍လုပ်လျှင် အထူးအရသာရှိ၍ လူနှင့်သင့်သော အစာတစ်ခု ဖြစ်နိုင်လေသည်။ သို့ပါလျက် ယခုအခါ မြန်မာများသည် ထိုသရေစာကို မလုပ်သဖြင့် တရုတ်လူမျိုးများသည် အကြီးအကျယ် လုပ်ကိုင်ပြီး တရုတ်စာကပ်ကာ ပြည်ကြီးမှလာသော ပစ္စည်းကဲ့သို့ ရောင်းချကြလေသည်။

သရက်စေ့ကို ယိုအခြောက် ပြုလုပ်၍ တစ်စေ့လျှင် တစ်ပဲဖိုးခန့်ထွက်အောင် ပြုလုပ်တတ်သော တရုတ်များမှာ သရက်သီးပေါ်သောခေတ်များ၌ မည်မျှအကျိုးခံစားရမည်ကို အထူးပြောဖို့မလိုပေ။ သရက်ပြင်များကို သရက်သီး အပုပ်၊ အပျက်၊ အဲ့လယ်၊ အပျော့များမှ သရက်ပြင်အကောင်းဆုံးကို ရနိုင်ကြသဖြင့် ဆိုင်ကြီးများမှာ သွင်းကြ လေသည်။ ဆိုင်ကြီးများက လက်လီဆိုင်များသို့ ရောင်းချကြလေသည်။

၎င်းနောက် လမ်းမှာလျှောက်၍ ရောင်းသော တရုတ်သရေစာသည်များ၏ လက်သို့ရောက်သောအခါ လက်နှစ်သစ်မျှကို တစ်ပြားနှင့် ရောင်းကြရာ မြန်မာလူမျိုး လူကြီးလူငယ်များက မြောက်မြားစွာ ဝယ်၍ စားကြလေသည်။

တရုတ်လူမျိုးများသည် တရုတ်ပြည်မှ သစ်သီးအမျိုးမျိုးကို ယိုထိုး၍ တင်ဆောင်ရောင်းချကြရာ ကျွန်ုပ်တို့ မြန်မာပြည်၌ ထိုအလုပ်မျိုး မြောက်မြားစွာ လုပ်နိုင်ပါလျက် နိုင်ငံခြားပစ္စည်းများကိုဝယ်၍ စားသုံးကြရလေသည်။

ဒူးရင်းသီးများမှာလည်း လူနှင့် အသင့်ဆုံး အားအရှိဆုံး အစာဖြစ်သဖြင့် အမေရိကန်တိုင်း၌ များစွာ အဖိုးတန်၍နေသည်ဟု ကြားရလေသည်။ ဒူးရင်းသီး အနှစ်များကို ထောပတ်ကဲ့သို့ စည်သွင်းရောင်းချကြရာ အဖိုးများစွာပေး၍ ဝယ်ယူစားသုံးကြရလေသည်။

mgyoe.com

mgyoe.com



မြန်မာပြည် မော်လမြိုင်မှစ၍ ပသျှူးကျွန်းဆွယ်တစ်လျှောက်အထိ ဒူးရင်းသီးများကို ထိုကဲ့သို့ စည်သွတ်ပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချလျှင် ဖြစ်နိုင်လေသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးများ စားသုံးသော ဒူးရင်းယိုမှာ နည်းလမ်းမကျ၊ ကောင်းလည်း မကောင်းပေ။ ကျွန်ုပ်တို့ မြန်မာပြည်မှာ သစ်သီးစိုက်ပျိုးခြင်းအလုပ်ကို ထိထိရောက်ရောက် မလုပ်ကြ၊ လူကြီး မိဘများ စိုက်ပျိုးခဲ့သော အပင်များမှ အသင့်ခူးယူ စားသုံး၍ နေကြလေသည်။ အကယ်၍ သစ်သီးစိုက်ပျိုးခြင်းအလုပ်ကို နည်းကျကျ လုပ်ကြလျှင် မြန်မာပြည်၌ ငွေဝင်လမ်းချည်း ဖြစ်နိုင်မည့်ပြင် ဆင်းရဲသူအများအတွက် အလုပ်ကောင်းတစ်ခုဖြစ်လေရာ ယခုလို အလုပ်လက်မဲ့ဖြစ်သူများအတွက် အားကိုးတစ်ခု ဖြစ်နိုင်လေသည်။

သို့သော်လည်း ငွေအား ကြေးအားရှိသူများက စတင်၍ အလုပ်များကို တည်ထောင်ကာ အလုပ်မရှိ ဆင်းရဲသောသူများအား နည်းလမ်းကို သင်၍ ပေးခြင်း၊ အခပေး၍ ခိုင်းစေခြင်းများ ပြုလုပ်မှသာ ထိုအလုပ်များ ပေါ်ပေါက်နိုင်ဖို့ ရှိလေရာ ဆင်းရဲသူများ၏အကျိုးကို ဆောင်ရာ၌ မိမိတို့ ကိုယ်တိုင် အကျိုးခံစားရမည်ကား အမှန်ဖြစ်ပေသည်။

ငှက်ပျောခြောက်များသည်လည်း သန့်ရှင်းစင်ကြယ်သပ်ရပ်လှပ စားချင်ဖွယ်ရာ စားပွဲ၏ ကျက်သရေဆောင်ဖြစ်လောက်အောင် လုပသော သေတ္တာများ၊ ဘူးများနှင့် အကြီးအကျယ်လုပ်ကိုင်၍ နိုင်ငံခြားသို့ တင်ပို့ကြရမည်ဆိုလျှင် ငွေဝင်လမ်းတစ်ခုဖြစ်နိုင်ကြောင်း ထိုမျှလောက် မကောင်းသော နိုင်ငံခြားစားစရာ ဘူးများကို ထောက်သဖြင့် သိနိုင်ပေကြောင်း။

## — ၆ —

## ရေပုဇွန်၊ ရေ ... ရေ

လောက၌ ကြီးကျယ်သော အရာလေးမျိုးရှိ၏။ ထိုလေးမျိုးသည်

mgyoe.com

mgyoe.com


ကား တောင်ကြီးများ၊ သမုဒ္ဒရာကြီးများ၊ ကြယ်တာရာအပေါင်းတို့နှင့် ကောင်းကင်၊ အလုပ်ကို ကြိုးကြိုးစားစားလုပ်၍နေသူ ဤလေးမျိုးဖြစ်သည်။ ဤကား ကြီးပွားရေးဆရာကြီး ကာဆင်၏စကားဖြစ်သည်။ သို့ဖြစ်လေရာ အလုပ်ကြိုးကြိုးစားစားလုပ်၍ နေသူမှန်က အဘယ်အလုပ်မျိုးမှာမဆို ဧရာမလူကြီးဟု ခေါ်ရပေမည်။

ပထမ အကြီးဆုံးမျိုးမှာ မြင်လွယ်၏။ အလုပ်လုပ်သောသူ၏ ကြီးမားခြင်းမှာ မြင်လွယ်သော အရာမဟုတ်၊ စိတ်ကူး၍ကြည့်မှ မြင်လေသည်။ စင်စစ်မှာ ခြသည် ဝီရိယအစွမ်းဖြင့် တောင်ပို့ကြီးကို ဖြစ်စေခြင်း၌ ထိုခြသည် တောင်ပို့ထက်ကြီးသောကြောင့်သာ တောင်ပို့ကို ဖြစ်စေသည်ဟု ယုံကြည်ရာ၏။ ဂုတ်ထိတ်တံတားကို လုပ်သူများသည် တံတားထက် ကြီးကျယ်သူများ ဖြစ်ကြလေသည်။ သို့ဖြစ်လေရာ အလုပ်မှန်က အဘယ်မျှပင် သေးငယ်သည်ဖြစ်စေ လုပ်သူမှာ ကြီးကျယ်ရလေသည်။

သို့ဖြစ်လေရာ မိမိကိုယ်ကို ကြီးကျယ်သောအဖြစ်သို့ ရောက်စေသော အလုပ်မှန်က အဘယ်အလုပ်မျှ အောက်မကျ၊ အဘယ်အလုပ်မျှ ရှက်စရာမရှိ ကြီးကျယ်မြင့်မြတ်သည်သာတည်း။

မြန်မာပြည်၌ အလုပ် အသေးအဖွဲ့တို့သည် အမြင်အားဖြင့် သေးငယ်သော်လည်း ၎င်းတို့မှထွက်သော ငွေလုံးကြေးလုံးမှာ မသေးငယ်ပေ၊ ဥပမာ– ရေထမ်းသမားအလုပ်မှာ အရင်းဟူ၍ သံပုံးသာ လိုလျက် နှစ်စဉ် ရေထမ်းသမား ကုလားလူမျိုးများ၏ ငွေများသည် ဘင်္ဂလားအော်ကြီးကို တပ်ခင်း၍ ဖြတ်သန်းလျက် ရှိကြလေသည်။

အရပ်ရပ် အရွာရွာ၌ ရေထမ်းသမား ကုလားလူမျိုး ရှိ၏။ အချို့ကုလားလူမျိုးများမှာ ရေထမ်းသောအလုပ် ပြီးသည့်နောက် ရေထမ်း၍ ရသောငွေနှင့် ရင်းနှီးကာ ထမ်းပိုးရောင်းချရသော အခြားအလုပ်များကိုလည်း လုပ်ကြပေသည်။

mgyoe.com

mgyoe.com


ရိုးသားစွာ လုပ်၍ ငွေကြေးစုဆောင်းပြီးလျှင် တင့်တယ်စွာ နေထိုင်လျက် လူပေါင်း သူပေါင်း ဝင်ဆံ့အောင် အများပြည်သူတို့၏ အကျိုးစီးပွားနှင့်ဆိုင်သော အဖွဲ့အသင်းများမှာ ဝင်ရောက်ကာ အကျိုးဆောင်နိုင်ကြလျှင် ရေထမ်းသမားပင်ဖြစ်စေကာမူ လူကုံထံတစ်ယောက် ဖြစ်နိုင်လေသည်။

အဘယ်မျှပင် ကြီးကျယ်သော ကုန်သည်ကြီးဖြစ်စေကာမူ တစ်ကိုယ်ကောင်းစိတ်နှင့် လိပ်၏ပမာ မိမိ၏ အခွံထဲမှာ ပုန်းသော နေချေက လူ့အဖိုးတန် မဖြစ်နိုင်၊ လူ၏ဂုဏ်ကျက်သရေမှာ အလုပ်၏ ကြီး–ငယ်ခြင်းနှင့် မဆိုင်၊ လူအများနှင့် ဆက်ဆံပုံနည်းလမ်းနှင့်သာ သက်ဆိုင်လေသည်။ အကြောင်းမှာလည်း အဘယ်မျှပင် အလုပ်သေးငယ်စေကာမူ ကြီးကျယ်အောင် လုပ်လျှင် ကြီးကျယ်နိုင်လေသည်။

ရေထမ်းအလုပ်ကို လက်တွန်းလှည်းနှင့်ဖြစ်စေ၊ နွားလှည်းပေါ်၌ စည်ကြီးများကို တင်၍ဖြစ်စေ၊ ဆော်ဒီမရှိသော ဖို့ဒ်ကားစုတ်၏ ရှပ်ဆီးပေါ်၌ စည်ကြီးများကို တင်ပြီး ရေပြွန်ပိုက်လုံးများနှင့် သွယ်၍ဖြစ်စေ ကြီးကျယ် တွင်ကျယ်အောင် လုပ်လျှင် ကြီးကျယ်နိုင်လေသည်။

ထိုကဲ့သို့လုပ်လျှင် တစ်ရွာမက နှစ်ရွာ သုံးရွာကို တစ်ယောက်တည်း ရေပေးနိုင်သဖြင့် လူမျိုးကွဲများ ဝင်ရန် မရှိပေ၊ ယခုမှာ လူမျိုးကွဲ ကုလားများသည် ရေကို လုံလောက်စွာ မပေးနိုင်။ ရေကို လိုတိုင်းမရ၊ အချို့ရွာများမှာ ရေထမ်းကုလားကို ခေါ်၍မရသဖြင့် ရေကို ကိုယ်တိုင်ခပ်လျှင် ရေထမ်းကုလားများက အငြိုးထားပြီး ထိုအိမ်ကို ဘွိုက်ကော့လုပ်ကြသဖြင့် မြန်မာရွာများ၌ ကုလား ရေထမ်းသမား အနည်းငယ်မျှကြောင့် အိမ်များမှာ ရေအတွက် ဆင်းရဲဒုက္ခတွေ့ကြရလေသည်။

သို့ဖြစ်လေရာ ရေအလုပ်သည် ယခုအခါ လိုသလောက် ကုလားများ မပေးနိုင်အောင် ကြီးကျယ်နေလေရာ ထိုအလုပ်ကို မြန်မာများ

mgyoe.com

mgyoe.com


အောက်ကျသည်ထင်၍ ဂရုမစိုက်ဘဲ နေကြသည်မှာ များစွာ မှားယွင်းလေသည်။

အမေရိကန်တိုင်း ရွာတစ်ရွာ၌ လူတစ်ယောက်သည် မော်တော်ဆိုင်ကယ်နှင့် ရေသည်အလုပ်ကို လုပ်၏။ ရေအလုပ်ပြီးသောအခါ တောထဲသို့သွား၍ ၎င်းမော်တော်ဆိုင်ကယ်မှာ လွှစိုင်းများထပ်ပြီး သစ်များကို ဖြတ်၍ တင်ဆောင်ကာ ထင်းအဖြစ်နှင့် ရောင်းချလေသည်။ ၎င်း၏ အိမ်မှာ မိမိ၏ မော်တော်ဆိုင်ကယ်လွှစက်ဖြင့် ဖြတ်သော သစ်လုံးများဖြင့်ပြီးသော (Log Hut)ခေါ် သစ်တုံးအိမ်ဖြစ်ရာ လွန်စွာ ခိုင်လုံလေသည်။ ၎င်း၏အိမ်မှာ ဆင်းရဲသား ရေသည် ထင်းသမားအိမ်နှင့် မတူ။ အနေအထိုင်လွန်စွာ သန့်ရှင်းသပ်ရပ် ကျန်းမာခြင်းနှင့်လည်း ညီညွတ်လျက်နေ၏။ အလုပ်ပြီးသောအခါ အိမ်ထောင်စုသား စားပွဲထိုင်ကြရာ၌ အခြားလူကုံထံများ နေထိုင်စားသောက်ပုံနှင့် မခြားပေ။

သို့ဖြစ်လေရာ မည်သည့်အလုပ်မှာမဆို ဂုဏ်ရှိအောင် ကြီးကျယ်အောင် လုပ်လျှင် ကြီးကျယ်နိုင်လေသည်။ လူ၌ ကျန်းမာ၍ ဝီရိယရှိက အခုခေတ်အခါမှာ ဆင်းရဲအောက်ကျ၍ နေဖို့ရန် အကြောင်းမရှိ၊ ဆင်းရဲ အောက်ကျစုတ်နုပ်ခြင်းဖြစ်ခြေက မိမိကိုယ်တိုင်၏ အပြစ်သာ ဆိုရပေမည်။

မြန်မာလူမျိုးအားလုံးတို့၏ စိတ်၌လည်း ကျိုးနွံစွာ အလုပ်လုပ်သူမှန်က အဘယ်အလုပ်မျိုးကို လုပ်သည်ဖြစ်စေ ရှုတ်ချကဲ့ရဲ့ခြင်း မပြုအပ်။ အောက်ကျသူဟု နိုင်လိုမင်းထက် စော်ကားမော်ကား မပြုအပ်။ "ထို လူမျိုးသည် ငါတို့အမျိုး၏ အသက်ဖြစ်သည်၊ ထိုလူမျိုးတွေရှိသေးသမျှ ငါတို့အမျိုးသား မပျက်စီးနိုင်" ဟု သဘောထားကာ ကျေးဇူးတင်လျက် အားပေးချီးမြှင့်ရန် သင့်ကြပေကြောင်း။

mgyoe.com

mgyoe.com


## - ၇ -
## စိန်လက်နက်နှင့် အလုပ်

လက်ထဲ၌ ကော်တစ်ထုပ်၊ သော့တစ်တွဲ၊ ပေတံ၊ မှန်တစ်ချပ်၊ နှစ်ချပ် သော့ပြင်သေတ္တာနှင့် ကုလားများကို အရပ်ရပ်မှာ တွေ့ရာ ၎င်းတို့သည် ခေါ်လျှင်လည်း ဝင်မခေါ်လျှင်လည်း ဝင်၍ မေးကြမြန်းကြ အလုပ်ကို ရကြလေသည်။ ၎င်းတို့၏အလုပ်မှာ မှန်ဗီရိုများ မှန်တပ်ခြင်း၊ သော့ပြင်ခြင်းအလုပ်ကို လုပ်သူများဖြစ်ရာ တစ်နေ့လျှင် ၅ ကျပ်၊ ၆ ကျပ် ရသည်ဟု ကြားရလေသည်။ ၎င်းတို့မှာ အရင်းဟူ၍ မှန်ဖြတ်သော စိန်တစ်ခုနှင့် အခြားလက်နက်ကိရိယာ အနည်းငယ်ဖြစ်ရာ ထိုလက်နက်ကိရိယာများမှာလည်း အပေါစားတွေ ဖြစ်ကြလေသည်။

သို့သော်လည်း ၎င်းတို့မှာ မိမိတို့၏အလုပ်၌ အထူးကျင်လည်သူများဖြစ်ကြလေရာ လုပ်ရာ၌ အချိန်မကုန် ၁၀ မိနစ်၊ ၁၅ မိနစ်အတွင်း အိမ်တစ်အိမ်မှ တစ်ကျပ်၊ တစ်ကျပ်လေးပဲ စသည်ဖြင့် လွယ်ကူစွာ ရကြလေသည်။ ၎င်းအလုပ်မှာ အောက်ကျသော အလုပ်မဟုတ်ပေ၊ ပြင်သောကုလားမှာ တင့်တယ်စွာ ဝတ်ဆင်လျက် အပြောအဆို ချေင်၍ လူကုံထံတစ်ယောက်၏အသွင်ရှိလေရာ လက်နက်ကိရိယာ အတော်များ သူတို့မှာ တစ်နေ့လျှင် ရှစ်ပဲစား နောက်ပါ ဆောင်ရွက်သမားတစ်ယောက်ပါလေသည်။

၎င်းတို့သည် မြို့ကြီးများသာ မဟုတ်၊ မြို့ငယ် ရွာငယ်များမှာလည်း ရှိကြလေရာ အဘယ်မျှလောက် များပြားသောငွေတို့ကို မြန်မာပြည်မှာ သာမက *"ငေါင်းဆူ လူမသိ" ဟူသောစကားလို ယူ၍နေကြပါသနည်း။

မြန်မာလူမျိုးဟူ၍ ထိုအလုပ်၌ တစ်စုံတစ်ယောက်ကိုမှ မတွေ့ရ

---

* မူကွဲ – ငုံးဆူလူမသိ

mgyoe.com

mgyoe.com



သေးပေ၊ ထိုအလုပ်မှာ ခက်ခဲသော အလုပ်မဟုတ်၊ လက်နှင့် လုပ်သော အလုပ်၌ ဝါသနာပါသူဖြစ်ခြေက ဆရာမရှိဘဲ တတ်နိုင်လေသည်။ ၎င်းအလုပ်မှာ သခင်မရှိ မိမိကိုယ်ကို မိမိ အစိုးရသော အလုပ်ဖြစ်လေသည်၊ ငွေရလမ်းမှာလည်း ကံထိုက်မဟုတ် ကိန်းသေဖြစ်လေရာ အရင်းအနှီးရ၍ အလုပ်ချဲ့လိုလျှင် သော့အလုပ်နှင့်ဆိုင်သော စက်ကိရိယာများကို လပြန်ပေးနှင့်ဝယ်ယူပြီး အတည်တကျ အလုပ်ရုံကလေးဖွင့်၍ လုပ်နိုင်လေသည်။ ထိုစက်ကိရိယာများမှာ အမေရိကန်တိုင်း၌ ရနိုင်လေသည်။

ထိုအလုပ်သည် သေးသိမ်သောအလုပ် မဟုတ်၊ ငွေကြေးပေါများသော သူတို့နှင့် ဆက်သွယ်ရသောအလုပ် ဖြစ်လေသည်။ အကြောင်းမူကား အဖိုးတန်သော သေတ္တာများကို ပြင်ရတတ်လေသည်။ မှန်မှာ ကွဲလွယ်သော ပစ္စည်းဖြစ်လေရာ ဗီရိုပြတင်းပေါက် မှန်တပ်ခြင်းသည် တွေ့လွယ် ရလွယ်သော အလုပ်ဖြစ်လေသည်။ ကုလားလူမျိုးများလို ကျင်လည်ဖို့သာ လိုလေသည်။ အလုပ်သေးသော်လည်း ထမင်းစားလောက်ပါ့မလားဟု တွေးဖွယ်ရာ ရှိလေသည်။ "ပန်းထိမ်တောက်တောက် မစားလောက်" ဟူသောစကားမှာ လူကြီး အမိုက်အမဲများ၏ စကားဖြစ်လေသည်။ အဘယ်အလုပ်မဆို ကျင်လည်လျှင် စားလောက်ရုံမက စီးပွားဖြစ်နိုင်လေသည်။ အကယ်၍ ထိုအလုပ်၌ နာရီ၊ အပ်ချုပ်စက်၊ ဓာတ်စက် စသည်များကိုပြင်သော အလုပ်နှင့် တွဲဖက်ကာ ကိရိယာအစုံအလင်နှင့် နောက်ပါတပည့်တစ်ယောက် နှစ်ယောက်ကိုခေါ်လျက် လှည့်လည်၍လုပ်မည်ဆိုလျှင် သာ၍ပင် ကြီးပွားနိုင်လေသည်။ ကိရိယာ တန်ဆာစုံလင်စွာနှင့် အလုပ်လုပ်သည့် အခါတိုင်း အံ့၍ ကြည့်လာကြသူများသည် ပါးစပ်ကြော်ငြာသမားများပင် ဖြစ်ကြလေသည်။

ကုလားများသည် မြန်မာပြည်ကို ငွေပင်ကြီးမှတ်ထင်ကာ လာရောက်ကြလျက် ငွေသီးများကို ဆွတ်ယူကောက်ယူ၍ နေကြသည်မှာ ထိုအလုပ်

mgyoe.com

mgyoe.com


မျိုးတွေဖြစ်ရာ မြန်မာလူမျိုးများမှာ အသီးလှိုင်ခိုက်တွင် သတိမရ အသီးတုံးမှ သတိရကြမည် မလွဲဖြစ်လေသတည်း။

– ၈ –

## မိုးဥတုနှင့်ဆိုင်သောအလုပ် ငွေရင်းမစိုက်ရ

မိုးဥတုများအတွင်း၌ အလွန်တရာ ကြွယ်ဝသော ပထဝီမြေ မိခင်ကြီးသည် မိမိ၏ ရင်ခွင်၌ မှီတင်းနေထိုင်ကြကုန်သော လူသတ္တဝါများအတွက် မြေဆီမြေနှစ်တို့ကို ဩဇာရသဓာတ်နှင့် ပြည့်စုံသောအပင်၊ အရွက်၊ အဥ၊ အသီးများအဖြစ်နှင့် ယူကြ သုံးကြ မှီဝဲကြလော့ဟု ပြောဆိုကာ ဖောဖောသီသီကြီးပေး၍ နေတတ်လေသည်။

ထိုပစ္စည်းများသည် ပေးခိုက်မှာပင် မယူလျှင် ပျက်စီးပြုန်းတီးကာ မြေသို့ပြန်ကာ မြေဩဇာပြန်၍ ဖြစ်ကြလေသည်။ အချို့သော အရပ်ဒေသများ၌ ကျေးတောသူ ကျေးတောသားများသည် အများအားဖြင့် မိမိတို့စားသုံးရုံမျှသာ ယူကြရာ အလုပ်အကိုင်ဖြစ်လောက်အောင် ရှာဖွေခြင်း မပြုကြပေ။ လုပ်ကိုင်သူ အနည်းငယ်မျှသာ ရှိလေရာ ကြွယ်ဝသော တောတောင် ချောင်း၊ မြောင်း ကွင်းပြင်တို့သည်ကား အလုပ်ဖြစ်လောက်အောင် ငွေကြေးရလောက်အောင် လာရောက်မယူမငင် သူတို့ကို မျှော်ကာ ဝမ်းနည်းလျက် ငါတို့ပေးလျက်နှင့်မျှ ယူဖော်မရဟု အသက်ရှိ၍ ပြောနိုင်ကြချေက ညည်းတွား ပြောဆိုကြပေလိမ့်မည်။

နောင် ယခုကဲ့သို့ မပေါမများသော အခါ၌ ယခုကဲ့သို့ ပေါများသော အခါသမယကို ဝမ်းနည်းစွာ တောင့်တကြရလိမ့်မည်။

တောအရပ်များ၌ ကန်စွန်းရွက်များသည် အလေ့ပေါက်၏။ ရန်ကုန်မြို့ အစွန်အနား အရပ်များ၌ တမင်စိုက်ကြရလေသည်။ ကြွေးဥ၊ ဝဥ၊ မျောက်ဥ၊ ကြိတ်မှန်ရွက်၊ မှိုကျွတ်ရွက် စသည်တို့သည် တောများ၌

mgyoe.com

mgyoe.com


အလေ့ကျ ပေါက်ကြလေရာ ရန်ကုန်မြို့၊ တာမွေ၊ ဘောက်ထော်အရပ်များ၌ တမင် စိုက်ကြရလေသည်။ ဆင်းရဲသားသူများသည် မျှစ်၊ မှို၊ ပုတတ်စာ၊ ဆိပ်ဖူး၊ လယ်သရက်ကင်း စသည်တို့ကိုလည်းကောင်း၊ လယ်ထဲ၌ပေါက်သော ကနေဖော့၊ ဟင်းဂလာ စသည်တို့ကိုလည်းကောင်း မြောက်မြားစွာ ခူးကြ၍ အချဉ်ထည့်ပြီး မြို့ကြီးများသို့ တင်ပို့ရောင်းချလျှင် ငွေရနိုင်လေသည်။

ရန်ကုန်မြို့၌ အတော်အဖိုးတန်သော မာလာဖူးများမှာ တောအရပ်များ၌ ဖျက်ဆီး၍ မကုန်နိုင်လေအောင် များပြားလေ၏။ သရက်သီးစိမ်း၊ မရန်းသီးစိမ်းကို ပိုးတီလိုးခြင်း၊ ချဉ်ထည့်ခြင်း၊ သနပ်လုပ်ခြင်းအတွက် အချိန်ရာသီ လွန်ခဲ့လေပြီ။ သို့သော်လည်း တညင်းသီးကို ပေါ်ခိုက်မှာ အိုးများနှင့် ဆားစိမ်၍ထားလျှင် တစ်နှစ်လုံး ရောင်းနိုင်လေသည်။

လိမ္မာသော အိမ်ရှင်မသည် သရက်၊ မရန်း၊ တညင်းချဉ်ဖတ်ထည့်ရန် ဟင်းသီး ဟင်းရွက်များမှ တစ်နှစ်လုံး ငွေဝင်မှန်သော ထိုင်ရာမထအလုပ်များကို လုပ်နိုင်ကြလေသည်။ ပိန္နဲစေ့များကို ပြုတ်၍ရောင်းစေကာမူ ဆင်းရဲသော အိမ်ထောင်စုများအတွက် စားသုံးလောက်အောင် ရနိုင်လေသည်။

မကြာမီ ရက်အနည်းငယ်အတွင်း၌ ဒန့်ကျွဲရွက်များကို တောင်းအပြည့် သိမ်ကြီးဈေးသို့ ယူလာသော မိန်းမကြီးတစ်ယောက်မှာ ဈေး၌ တောင်းကိုဝိုင်း၍ လုကြလေသည်။ မိုးကျလက်ဖက်ဆိုသည်မှာ ဒန့်ကျွဲရွက်ပင် ဖြစ်လေသည်။ မပျင်းမရိလျှင် အိမ်နောက်ဘေး၌ ချဉ်ပေါင်ကို ပျိုး၍ထားက အကျိုးရှိနိုင်လေသည်။

သို့ဖြစ်လေရာ မိုးအခါ၌ ပျင်းရိ အိပ်ပျော်၍ နေကြရန် ရာသီမဟုတ် ရှာဖွေတတ်လျှင် ရှာဖွေနိုင်သလောက် အကျိုးများနိုင်ကြောင်း သတိပေးလိုက်ရပေသတည်း။

mgyoe.com

mgyoe.com


– ၉ –

## မြန်မာဈေးသည်များ

မြန်မာလူမျိုးသည် စိတ်နေ စိတ်ထား လွန်စွာအထက်ကျ၏။ အနည်းငယ်မျှတတ်လျှင် အလွန်တတ်သည်ထင်၏။ အနည်းငယ်ရှိလျှင် အလွန်ရှိသည်ထင်၏။ အခြေကလေး အနည်းငယ်ဖြစ်၍လာလျှင် မပျက်နိုင်သော အခြေကြီး မှတ်ထင်ကာ တက်ကြွကြွလေ၏။

စာရေးသူ၏ အိမ်ရှေ့၌ တရုတ်ဆိုင်၊ ကုလားဆိုင် သရေစာဆိုင် အမျိုးမျိုးရှိကြရာ ကုလား တရုတ်များမှာ ညနေ ၄ နာရီထိုးသည်နှင့် တစ်ပြိုင်တည်း ဆိုင်ခင်း၍ ပြီးသဖြင့် တွင်တွင်ကြီး ရောင်း၍နေကြရာ ၎င်းတို့၏အနီး၌ရှိသော ထမင်းသည် မြန်မာမိန်းမမှာ မပေါ်လာသေးသဖြင့် ၎င်းထံ၌ ဝံသာနုစိတ်နှင့် ဝယ်ဖို့ရန် နာရီဝက်သာသာခန့် စောင့်ဆိုင်းကြရလေသတည်း။

တစ်နေ့သ၌ ထိုကဲ့သို့ စောင့်ဆိုင်းနေသော မြန်မာလူမျိုးတစ်ယောက်က "ကြည့်ကြဗျနော်... ကျုပ်ကို အပြစ်မဆိုကြနဲ့၊ ဝံသာနု မဟုတ်ဘူး မပြောကြနဲ့၊ ကျုပ် ဟောဒီဆိုင်မှာစောင့်ရတာ နာရီဝက်ကြာပြီ ဆိုင်ကြီးရှင်မကတော် မပေါ်လာလို့ ပေါက်ဖော်ဆိုင်က ခေါက်ဆွဲကို ဝယ်စားရတယ်ခင်ဗျာ၊ ကြားကြမြင်ကြစေဗျ" ဟု ပြောပြီး တရုတ်ဆိုင်မှာ စားသည်ကို တွေ့ရလေသည်။

ထို့နောက် အတန်ကြာသည်မှ မြန်မာဈေးသည်မှာ သနပ်ခါး ပန်းမန်တွေနှင့် နောက်ပါကုလားက ဖင်ထိုင်ခုံ ကလေးကို ကိုင်လျက် မင်းကတော် စတိုင်ကျကျ အဝေးမှ မြေကြီးကို မရဲတရဲ နင်း၍ လာသည်ကို မြင်ရလေသည်။

၎င်း၏ဆိုင်ကလေးမှာ အတော်ပင် ရောင်း၍တွင်သည်ကား မှန်လေသည်။ အကယ်၍ ထိုထက်အခြေအနေ အနည်းငယ်မြင့်၍ လာလျှင်

mgyoe.com

mgyoe.com


အဘယ်မျှလောက် စိတ်တစ်မျိုးပြောင်းကာ ကြီးပွားတိုးတက်ခြင်း၏ အခက်အညွှန့်တို့ကို ချိုးဖျက်သလို လုပ်မည်ကို တွေးဆသိမြင်နိုင်လေသည်။

ဤစိတ်နေသဘောထားပုံမျိုးသည် မြန်မာလူမျိုး များစွာတို့၌ ရှိတတ်လေရာ အနည်းငယ်မျှနှင့် ရောင့်ရဲတင်းတိမ် ကျေနပ်လျက် မိမိတို့၏ အခြေအနေထက် စိတ်နေသဘောထားပုံမှာ အဆမတန် ပိုမို၍ မြင့်သဖြင့် မကြီးပွားနိုင်သော လူမျိုးဖြစ်ကြောင်း သိနိုင်လေသည်။

ဈေးသည်မှာ သူဌေးစိတ်ရှိခြင်း၊ ကုန်သည်မှာ မင်းစိတ်ပေါက်ခြင်းသည် မြန်မာလူမျိုးတို့၏ ထင်ရှားသော လက္ခဏာဖြစ်လေရာ ဆိုင်ကြီးရှင် အခေါ်ခံရလောက်သော အခြေအနေသို့ ရောက်ရှိသူတို့၏ သဏ္ဍာန်မှာ အများအားဖြင့် သိမြင်နိုင်သောလက္ခဏာ ဖြစ်လေသည်။

ကုလားလူမျိုးများမှာ... တစ်သိန်းတန် အခြေအနေရှိမှ ငါးထောင်တန် လက္ခဏာလောက်ကို အနေအထိုင် အခမ်းအနား၌လည်းကောင်း၊ စိတ်နေသဘောထားရာ၌လည်းကောင်း ပြတတ်ကြလေရာ မြန်မာလူမျိုးမှာကား ထိုစနစ်ကို ပြောင်းပြန်ပြုကြလေသည်။ ရောင်းချရာ၌လည်း ပြောပုံ၊ ဆိုပုံ၊ မျက်နှာထားပုံမှာ တော်ရုံ၊ တန်ရုံ ဖောက်သည်များ မမေးဝံ့အောင်ကြီးကျယ် ဝင့်ထည်လေ့ရှိကြလေသည်။

မကြာမီက လူတစ်ယောက်က "မြန်မာဆိုင်များမှာ မဝယ်လိုကြ ကုလားဆိုင်များမှာသာ ဝယ်ချင်ကြကြောင်း" နှင့် အပြစ်တင်ဆိုသည်ကို ကြားရလေသည်။

ဖောက်သည်များသည် လက်အောက်ငယ်သား အသေးအမွှားကဲ့သို့ မောက်မောက်မာမာ ပြောဆိုခြင်းကို ခံဖို့ရန် ဈေးဝယ်ထွက်ကြသည် မဟုတ်ပေ။ "တစ်မတ်ဖိုးနဲ့ရွေးလိုက်တာ၊ ဆစ်လိုက်တာ" ဟူသော ငေါက်ဆတ်ဆတ်စကားမျိုးကို ဂုဏ်သရေရှိသူမှန်က နှစ်လိုမည်မဟုတ်

mgyoe.com

mgyoe.com


ပေ။ ဈေးသည်များကို အလကား ပိုက်ဆံပေးရန် သွားခြင်းမဟုတ်၊ ထိုက်တန်သောပစ္စည်းကိုရဖို့ ဝယ်ခြင်းဖြစ်လေသည်။

တစ်နေ့သ၌ မိန်းမတစ်ယောက်က "အမဲခြောက် ဘယ်ဈေးလဲ" ဟုမေးရာ ဈေးသည်က "ဘယ်နှပိဿာယူမလဲ" ဟု မေးလေသည်။ ဆွဲခြင်းငယ်ငယ်ကလေးကို ကိုင်လျက် အဝယ်လာသော မိန်းမက "နည်းနည်းပါးပါးတစ်မူးဖိုးပါ" ဟုပြောပြီး ရွေးမည်ပြုရာ ဈေးသည်က "တစ်မူးဖိုးနဲ့ ရွေးမနေပါနဲ့" ဟု ပြောလေသည်။ ဝယ်သူက "ကျွန်မဈေးသည်မဟုတ်ဘူး။ အိမ်မှာစားဖို့ ဝယ်တာပါ။ အမဲခြောက် မစားရလို့လည်း အရေးမကြီးပါဘူး။ စားလည်း စားခဲပါတယ်။ သွားကို ကြည့်ပါရှင့် အရွတ်အခြောက်ကို ကိုက်တဲ့သွားမျိုးမဟုတ်ဘူး" ဟု လှပညီညာသောသွားကို ပြုံးရယ်၍ ပြရုံမက ဝယ်လာစဖြစ်သော သားလိုးစားချွန်ချွန်ကိုကိုင်ပြီး "စမ်းဝံ့ရင်စမ်း အများနဲ့ ကျီးကန်းမတွေကို ဆုံးမချင်လို့လာတာ ဘယ်လိုအစားထဲက မှတ်သလဲ။ ဝိုင်းအာလို့ ကြောက်တဲ့အစား မဟုတ်ဘူး။ ကုလားဆီက ကြက်ကို ဝယ်မယ်" ဟု ပြောလေ၏။ နောက်ပါအဖော်များက ဆွဲသဖြင့် လိုက်ပါ၍ သွားရာ၌ပင် လက်ပြ၍ ထွက်သွားသည်ကို မြင်လိုက်ရပါကြောင်း အပေါင်းအဖော် အသိုက်အအုံ၏ အားကြောင့် စော်ကား မော်မောက်လေ့ရှိသော ဈေးသည်မများမှာ ငြိမ်လျက်နေကြသည်ကို မြင်ရလေသည်။

– ၁၀ –

## အလုပ်ကလေးနှင့် အလုပ်ကြီး

ကမ္ဘာပေါ်၌ မည်သည့်လူမျိုးမှာမဆို နိမ့်ကျသေးငယ်သော အလုပ်လုပ်သူတွေ ရှိကြလေသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးသာ နိမ့်ကျသောအလုပ်များကို မရာမတန်သဘောထားကာ ရှောင်ရှားကြလေသည်။ သို့

mgyoe.com

mgyoe.com


ရှောင်ရှားကြသည်မှာလည်း အောက်ပြည်သားများဖြစ်ကြ၍ အထက်ပြည်သား အထက်ပြည်သူများမှာ အောက်သူအောက်သားနှင့် စာလျှင်များစွာ ကျိုးနွံကြလေသည်။

နိမ့်ကျသော အလုပ်များကို မလုပ်သော လူမျိုးသည် ကြီးမြင့်သော အလုပ်ကြီးများလည်း လုပ်ကိုင်နိုင်ကြသည် မဟုတ်ပေ။ ဥရောပ၊ အမေရိကန်၊ ဂျပန်၊ အိန္ဒိယ တိုင်းများ၌ အနိမ့်ဆုံးအလုပ်ကြီးများကိုလည်း လုပ်နိုင်ကြလေသည်။ မြန်မာလူမျိုးများမှာ နိမ့်ကျသော အလုပ်ကို မလုပ်နိုင်ဘဲ ခုလတ်မှာနေကြရလေသည်။

အလေးကို မ လိုသောသူသည် မိမိ၏ကိုယ်ကို နိမ့်အောင် နှိမ့်ခြင်းဖြင့် အားကိုးယူရ၏။ ထို့အတူ ကြီးမြင့်သော အလုပ်များကို လုပ်ကိုင်နိုင်သော အခြေအနေကို ရောက်ဖို့ရန်အတွက် မိမိကိုယ်ကို နှိမ့်ချကာ အားယူကြရလေသည်။

အောက်အရပ်မှာ မြန်မာလူမျိုး ကူလီ အလုပ်သမား နည်းပါးကြလေရာ သဆော်နှင့် မြူနီစီပါယ် လမ်းများမှာသာ ယခုမှ အနည်းငယ်အစပြု၍ လုပ်ကြသည်ကို တွေ့ရှိရာ အထူးဝမ်းမြောက်မိပေ၏။

မြန်မာပြည်၌ ကော်ရင်ဂျီကုလား ကူလီတွေ အဘယ်မျှလောက်များပြားကြသည်ကို ထောက်လျှင် ၎င်းတို့မှတစ်ဆင့် အိန္ဒိယတိုင်းသို့ ရောက်သော မြန်မာငွေများ အဘယ်မျှလောက် များမည်ကို ချင့်မှန်းသိရှိနိုင်လေသည်။ ထိုအလုပ်များကို မြန်မာများသာ လုပ်မည်ဆိုလျှင် ထိုငွေများမှာ မြန်မာပြည်၌သာ ရှိနေမည်ဖြစ်သောကြောင့် ကုလားကူလီကို ပေးရသည်ထက် တစ်ဆပို၍ပင် ပေးရစေကာမူ တိုင်းပြည်မှာ မယုတ်မလျော့ဆူဖြိုးကြွယ်ဝလျက်သာ ရှိနေပေလိမ့်မည်။

ဥရောပတိုင်း၌ ဥရောပတိုင်းသား ကူလီများသာ ရှိကြ၏။ မြန်မာပြည်၌ မြန်မာကူလီမရှိ။ ကုလားကူလီတွေ မြန်မာငွေကို အမြဲသယ်ယူ၍

mgyoe.com

နေကြလေသည်။ အင်္ဂလန်ပြည်၌ နောက်ဖေးသိမ်းသူ၊ တံမြက်လှည်းသူမှ စ၍ နိမ့်ကျသော အလုပ်များကို လုပ်သူတို့သည် အလုပ်ပြီးသည့်အခါ သားနားစွာ ဝတ်ဆင်ကြလျက် ၎င်းတို့၏အိမ်များမှာ ခံ့ညားစွာ နေထိုင်ကြသဖြင့် အလုပ်ပြီးသည့်နောက် ဂုဏ်သရေရှိ ပြည်သူလူကောင်းများဟူ၍ အသိအမှတ်ပြုခြင်း ခံရလေသည်။

အစေခံ အလုပ်များကိုလည်း မြန်မာလူမျိုးများ မလုပ်သဖြင့် ကုလားလူမျိုးများ ရကြလေရာ ရုံးများ၌လုပ်ကြသော ကုလားများ၏ အလုပ်များကို မြန်မာ လူမျိုးများ လုပ်ကြမည်ဆိုလျှင် မြန်မာငွေတွေ အဘယ်မျှလောက် များပြားစွာ မြန်မာပြည်မှ မထွက်ဘဲနေကြမည်ကို အထူးမစဉ်းစားဘဲ သိနိုင်လေသည်။

အထူးအံ့ဖွယ်ကောင်းသော အရာမှာ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်၌ ပန်းအိုး ရေသစ်လဲခြင်း၊ တံမြက်လှည်းခြင်း၊ သုတ်သင်ခြင်း အလုပ်များကို တွေ့ရှိရခြင်း ဖြစ်လေသည်။ ထိုအလုပ်မှာ "ကုသိုလ်လည်းရ ဝမ်းလည်းဝ" ဟူသော စကားနှင့်ညီစွာ မြန်မာလူမျိုး ဆင်းရဲနွမ်းပါးသူများနှင့် အထူး သင့်လျော်ပါလျက် ကုလားလူမျိုးကို ထားရခြင်းသည် အဘယ်အတွက်ကြောင့် ပေနည်းဟူ၍ အကြောင်းရှာ၍ မတွေ့ရပေ။ မြန်မာလူမျိုး ဆင်း ရဲသားများအား ထိုအလုပ်မျိုးရှိကြောင်း အစကပင် သိအောင်မပြုဘဲ ကုလားများကို လွယ်လွယ်ကူကူဆွဲ၍ ခန့်ထားလိုက်ခြင်းကြောင့် ထုံးစံဖြစ်၍နေသည်ဟု မှတ်ယူဖွယ်ရှိပေသည်။ ဤသို့ကုလားများကို အားကိုးနေပါက နောင်မကြာမီ ဘုရားလူကြီးများပင် ကုလားမဖြစ်ဟူ၍ မည်သူဆိုနိုင်ပါမည်နည်း။

mgyoe.com

mgyoe.com

– ၁၁ –

## ကုလားနေရာ မြန်မာဝင်

ကမ္ဘာပေါ်၌ ငွေကြေး ကျပ်တည်းသည်၊ အလုပ်ရှားပါးသည်ဆို သော်လည်း ကျွန်ုပ်တို့မြန်မာပြည်မှာ ချောင်လည်အောင် လုပ်ဖို့ရန်များ စွာ လွယ်ကူလေသည်။ ထိုအလုပ်သည် ဆင်းရဲသူ ဆင်းရဲသားတို့သည် နိမ့်ကျသော အလုပ်များကို မရှက်မကြောက်ဘဲ အထက်ထက်က မလုပ် ခဲ့သော အလုပ်အသေးအဖွဲ့များကို သူ့ထက်ငါ လုပ်ကြရမည်ဆိုလျှင် မြန်မာပြည် ဆန်စပါးအလုပ် ဆုတ်ယုတ်ခြင်းကြောင့် ဆုတ်ယုတ်သော ငွေကြေးကို ပြန်၍ ဖြည့်စွက်နိုင်ဖို့ပင် ရှိလေသည်။

ထိုအလုပ်များမှာ ကုလား လူမျိုးတွေလုပ်သမျှ ၁၅ ကျပ်စား ၂၀ ကျပ်စား၊ ၂၅ ကျပ်စား အလုပ်ဟူသမျှနှင့် အခြား ရေသယ်၊ ထင်းပေါက်၊ ကူလီ အလုပ်ဟူသမျှဖြစ်ကြလေသည်။

ကုန်တိုက်ဟူသမျှ၊ မြူနီစပါယ်ဟူသမျှ၊ ရုံးဟူသမျှ၌ ကုလားလူမျိုး များလုပ်၍နေသော အလုပ်ဟူသမျှ၌ မြန်မာများကိုသော်လည်းကောင်း ထားရမည်။ သို့မဟုတ် အိန္ဒိယတိုင်းသို့ ငွေကြေးပြန်၍မပို့ သားမယား နှင့် မြန်မာပြည်မှာ အတည်တကျနေသော ကုလားလူမျိုးများကိုသာ ထားရမည်ဆိုလျှင် မြန်မာပြည်မှာ များစွာ ချောင်လည်၍ သွားဖို့ရှိလေ သည်။ စာရေးသူသည် ဟစ်တလာကဲ့သို့သော အာဏာပိုင်ဖြစ်ခဲ့က ဧကန် ဤနည်းကို စီမံပေလိမ့်မည်။

ကုလားလူမျိုးများသည် တရုတ်လူမျိုးများကို ငွေကြေးကိုသုံးစွဲကြ ချေက မြန်မာပြည်မှာ ဤမျှလောက် ကျပ်တည်းဖို့မရှိပေ။ ကုလားလူမျိုး များမှာ အယူသာရှိ၍ အသုံးမရှိကြပေ။ မြန်မာလူမျိုးများမှာလည်း အခြား နိုင်ငံသို့သွားရောက်ခါ ငွေကြေးအမြောက်အမြားရှာဖွေပြီး မြန်မာပြည် ပြန်ပို့သည်မရှိ၊ မြန်မာပြည်မှာသာလျှင် ကုလားတွေလာပြီး ယူချင်တိုင်း

mgyoe.com

mgyoe.com


ယူ၍ နေကြလေသည်။ တရုတ်လူမျိုးမှာ ယူသော်လည်း ပြန်၍သုံးသဖြင့် တရုတ်လက်ဝယ်ရှိသောငွေမှာ မြန်မာငွေပင် ဖြစ်လေသည်။ ကုလား၏ ခါးထဲသို့ရောက်သော် မြန်မာငွေ မဟုတ်တော့ပေ။

ကုလားလူမျိုး ဝတ်လုံ၊ စာရေး လခကြီးကြီးရသူများသော်မှ အပေါဆုံးဖြစ်သော အမဲဈေးသို့ ညနေအခါ မော်တော်ကားနှင့် ကိုယ်တိုင်သွားပြီး တစ်ပုံဆယ်ပြားဆိုသည့် အမဲသားနှင့် တစ်ပိဿာတစ်ပဲ ကြက်သွန်များကို ဝယ်ကြလေသည်။ ကုလားလူမျိုးသည် အောက်ခြေသိမ်းအကုန်ယူ၍ နေလေသည်။ နောင်ဆယ်နှစ်ခန့် ဤကဲ့သို့နေလျှင် မြန်မာတွေလူ့ဘဝမှ လျှောကျရန်သာ ရှိပေတော့၏။

သို့ဖြစ်လေရာ မြန်မာပြည်၌ အလုပ်မရှိသူဟူသမျှ မိမိတို့ကိုယ်တိုင်အတွက်မဟုတ်လျှင် တိုင်းကျိုး ပြည်ကျိုးဟု သဘောထားကာ ကုလားလူမျိုးတို့လုပ်သော အလုပ်ဟူသမျှကို မိမိတို့လက်သို့ပြန်၍ ရောက်အောင် နောင်ကုလားလူမျိုးများ လွယ်ကူစွာ ဝင်ခွင့်မရအောင် အရေးတကြီး ကြိုးစားအပ်ကြလေသည်။

ကုလားလူမျိုးများ၏နေရာ၌ မြန်မာလူမျိုးဝင်ရောက်သည့်အခါ အခကိုပင် ပို၍ ပေးစေကာမူ ထိုငွေများမှာ တိုင်းပြည်မှ အဘယ်ကိုမျှ မထွက်သဖြင့် မြန်မာပြည်မှာ နစ်နာဖို့မရှိ၊ မည်သူမဆို တင့်တင့်တယ်တယ် နေနိုင်၊ စားနိုင်၊ ဝတ်နိုင်၊ ဆင်နိုင်ရုံမက အလုပ်အားလပ်သည့်အခါတိုင်း ရုပ်ရှင်ကိုပင် မပြတ်မှန်မှန် ကြည့်ကြရဖို့ရှိသည်။

## – ၁၂ –

## တစ်ခြမ်းပဲ့ဆိုင်များ

"သတိမမူ ဂူမမြင် သတိမူက မြူကိုမြင်" ဟူသော စကားသည် ငွေရလမ်းဖြစ်သော အလုပ်ကလေးများကို မြင်အောင် ရှာတတ်ခြင်းနှင့်

mgyoe.com

mgyoe.com


အထူးပင် သက်ဆိုင်နေ၏။

ထိုစကားသည် မြန်မာစကားဖြစ်သော်လည်း မြန်မာလူမျိုးများ အနက် ထိုစကားအတိုင်း ကျင့်သူ နည်းပါး၍ လူမျိုးကွဲတရုတ်၊ ကုလား တွေက ထိုစကားကိုပိုမို၍ အသုံးပြုကြကြောင်း ငွေရမြန်သော အလုပ် အဆောင်အတွဲ့ဟူသမျှ ၎င်းတို့လက်သို့ရောက်၍နေခြင်းဖြင့် သိနိုင်လေ သည်။

ဥပမာဆိုသော် ထိုပူအိုက်သော နွေနှောင်း မိုးဦးအခါ၌ ရာသီ အလျောက် ပေါ်ပေါက်သော မရန်း၊ သရက်၊ ဖရဲ၊ ပိန္နဲ စသည်တို့ကို ရန်ကုန်မြို့၌ အမြဲလည်၍ ရောင်းသူသည် ကုလားလူမျိုးများဖြစ်ကြလေ သည်။

အချို့သော လူသွား လူလာများသော လမ်းများ၌ အတည်တကျ ခင်းကျင်းရောင်းချနေသော သစ်သီးဆိုင်ငယ်များသည် ငွေသုံးလေးကျပ် မျှထက် အရင်းမပိုလောက်သော်လည်း တစ်နှစ်လုံးလိုလို ရာသီ အလျောက် ပေါ်သမျှအသီးများကို မပြတ်မလတ်ရောင်းကြသဖြင့် ဘင်္ဂလားသို့ အမြဲငွေကိုပို့နိုင်ရုံမက မြန်မာပြည်နှင့် အိန္ဒိယတိုင်းကို အိမ်ဦးနှင့် ကြမ်းပြင်ပမာ လူကိုယ်တိုင်ကူးသန်းသွားလာအခါခါ အခေါက်ခေါက် ရောက်ကြသဖြင့် ဆိုင်ငယ်ကလေးများမှာ လူလဲထား၍ ရောင်းရလေသည်။ ၎င်းအလုပ်မှာ ငွေရင်းနည်းသလောက် အမြတ်များ ၏ ။

အချို့သော သစ်သီး ဗျပ်ထိုး ဗန်းထိုးဆိုင်ကလေးများမှာ လမ်း နံဘေး၌ထိုင်၍ရောင်းချသော သစ်သီးတစ်ခြမ်းပဲ့၊ တစ်ပိုင်းပုပ်၊ နေလောင်၊ ပိုးစား စသည်များဖြစ်ကြရာ ဈေးမှ ကောက်ယူ၍ ရကြဟန်တူလေသည်။

သို့သော်လည်း ရန်ကုန်မြို့၌ လူအမျိုးမျိုး အစားစား အဆင့်အတန်း များစွာ ရှိလေရာ ၎င်းသစ်သီး တစ်ပိုင်းပုပ်များကို နတ်သြဇာလောက်

mgyoe.com

mgyoe.com


မှတ်ထင်စားသောက်ရသော လန်ချားကုလား၊ ကူလီကုလားကဲ့သို့သော ပုဂ္ဂိုလ်များသည် ပိုက်ဆံကြေးငွေများကို ခါးထဲမှ ရဲရဲကြီးထုတ်ကာ ပစ်ခတ်ဝယ်ခြမ်း နမ်းရှုပ်စားကြလေ၏။ သို့ဖြစ်လေရာ ၎င်း တစ်ပိုင်းပုပ်ဆိုင်ကြီးရင် ကော်ရင်ဂျီလေဒီခင်တို့မှာ လင်ယောကျ်ားဖြစ်သူတို့အား စီးပွားရေး၌ တစ်အား ကူညီဖော်ရကြသဖြင့် နောင်အလားအလာကို ကြည့် မျှော်လိုက်သောအခါ စုမိဆောင်းမိ ငွေကြေးပြည့်လျှင် အပွနားတို့ ယန်ဂယားတို့လို သားပျို ယောကျ်ားကလေးများအား ကုလားကျောင်းများ၌ အပ်နှံထားပြီး ကြီးပြင်း၍ စာတတ်သောအခါ ဒိုဘီစုတ်ကပ္ပလာ အစား နက်ပြာရောင်ဘောင်းဘီနှင့် ကြွားပြီး အန်ဂလို အင်ဒီယန်းများ ဟူ၍ပင် အခေါ်ခံကြလျက် မြန်မာအမျိုးသမီးများကို အဖိုးကြီးကြီးပေးကာ ဝယ်ယူ မိဝဲသုံးစွဲနိုင်ကြသည့်အခြေအနေကို ကော်ရင်ဂျီမိခင်အိုတို့သည် တစ်ခြမ်းပဲ့ရောင်းရင်း ကြိုတင်ကာ ထင်မြင်လျက် လေပြင်မှာ တိုက်တည်ခြင်းမဟုတ်ဘဲ တကယ်ဖြစ်ဖို့ရန် ဟန်ပြင်၍ နေကြရှာသူများဟု သိမြင်ရလေသည်။

"နည်းရောင်း–များရောင်း–တောင်းပြည့်" ဟူသောစကားသည် မြန်မာစကားဖြစ်သော်လည်း ထိုစကားကို ကုလားက အသုံးများ၍ နေကြလေသည်။

ဆင်းရဲသော မြန်မာလူမျိုးများသည် ဤကဲ့သို့သော အလုပ်များကို လုပ်ကြ၍ ချွေတာစွာ သုံးစွဲတတ်ကြခြေက ချွေတာခြင်း၏ လေ့ကျင့်ခန်းကို ကောန်ရကြဖို့ရှိလေသည်။ ဤလိုအသေးအဖွဲကို ရှာဖွေရောင်းချသောအခါ "ငါဟာ အင်မတန်မှ နိမ့်ကျတဲ့အလုပ်ကို လုပ်ရပါကလား၊ ကြွားဝါသုံးစွဲပစ်ဖို့ မတော်ပါကလား၊ ဤနိမ့်ကျတဲ့ အနေမှ မြင့်တက်အောင် ရသမျှကို စုဆောင်းပြီး တိုးတက်အောင် ကြိုးစားမှတော်ခြေမည်" ဟူသော စိတ်မျိုးပေါ်ပေါက်လျက် အနိမ့်မှအမြင့်ကို ရောက်ကြဖို့ရှိလေသည်။

mgyoe.com

mgyoe.com


# - ၁၃ -
## ချိုချဉ်ယိုခြောက်

အခြား အထူးတွင်ကျယ်သော အလုပ်တစ်ခုမှာ သရက်စေ့များ သရက်သီးပုပ်များကို သကြားနှင့် ချိုချဉ်ယိုခြောက်တစ်မျိုးဖြစ်အောင် ရောင်းချသော တရုတ်လူမျိုးတို့၏အလုပ်ဖြစ်ရာ ထိုအလုပ်သည် သေးငယ်သော အလုပ်မဟုတ် ကြီးကျယ်သောအလုပ်ဖြစ်သည်။

ကြီးကျယ်သော်လည်း လုပ်ကိုင်ရာ၌ ပစ္စည်းများအဖို့ သစ်သီး အပျက်အစီးများနှင့် သကြားဖြစ်သောကြောင့် အရင်းအနှီး ကြီးကြီးကျယ်ကျယ်လိုမည်မဟုတ်ပေ။ အရင်းအနှီးမကြီးကျယ်သော်လည်း ရန်ကုန်မြို့နှင့် အနယ်နယ် အရပ်ရပ်ရှိ ဝန်ဆောင်ချဉ်ကြိုက်မဟူသမျှ ဝယ်ခြမ်းကာ စားမြုံ့ပြန်ကြသဖြင့် ကြီးကျယ်သောအလုပ်ကြီးဟု ဆိုနိုင်ကြလေသည်။

ရှေးအခါက သရက်ပြင်ခေါ်သော ချဉ်ချိုယို မုန့်ပါးပါးလျားလျားကို တွေ့ဖူးခဲ့လေသည်။ ယခုအခါ၌ကား အလွန်တောကျသောအရပ်များ၌သာ အမယ်အိုမုဆိုးမအနည်းငယ်မျှတို့ ထိုအလုပ်ကို အသေးအဖွဲလုပ်သည်ဟု ကြားသိရလေသည်။ ရန်ကုန်မြို့၌ကား တရုတ်လူမျိုးများသည် အကြီးအကျယ် လုပ်ကြ၍ တရုတ်စတိုးဆိုင်ကြီးများသို့သွင်း၊ ဆိုင်ကြီးများက တစ်ဆင့်လမ်းလျှောက် အော်ကာ ဗုန်းရွက်သယ်ကုလား တရုတ်များစွာတို့ကိုတစ်ဆင့် ရောင်းကြလေသည်။

၎င်းတို့ကို ထိုသရေစာ အခြောက် အခြမ်း လဲမွေးစုတ်ဖွားသွားကြား ကွယ်ပျောက် ဝယ်သလောက်မဝ မဝတိုင်း ဝယ်ကြသော ထိုယိုခြောက်များ ကို လက်တစ်ဆစ် နှစ်ဆစ်လျှင် ကြေးတစ်ပြားနှင့် ပေးဝယ်၍စားသူများအား အများကြီးတွင်အောင် ရောင်းကြလေသည်။

ထိုသစ်သီးများမှာ ရာသီအလျောက် ကောက်ယူလျှင် ရနိုင်လေရာ

mgyoe.com

mgyoe.com



မြန်မာလူမျိုးဆင်းရဲသားများမှာ ထိထိရောက်ရောက်မရှက်မကြောက်လုပ်ကြချေက အပဟုတ်ပွမည့် အလုပ်တကာ့ အလွယ်ဆုံးအလုပ် ဖြစ်လေသည်။

အကြီးအကျယ်သင်ရန်လည်း မလို၊ ကွန်တီနင်တယ်ဘီစကွတ်လို စတိုင်လည်း မတင်း၊ သန့်ရှင်းခြင်းအရာမှာတော့ ယင်တလှောင်းလှောင်း မြင်မကောင်းအောင် လွယ်ကူစွာ လုပ်၍ဖြစ်ပါလျက် ရှက်သလိုလို ကြောက်သလိုလိုနေကြသည့်အတွက် မျောက်အိုလို မှိုင်တွေကျအောင် ငတ်သဖြင့် ယိုင်နေကြသူတွေကို များစွာပင် တွေ့ရပေသည်။

## – ၁၄ –

### ကလေးအမေ

ဟုတ်လေသလား မှန်လေသလား မသိရ၊ အော်ဟစ်သော ပေါက်ဖော်၏အသံမှာ သေသေချာချာ နားထောင်လေလေ "ကလေးအမေ" ဟု သေသေချာချာ ကြားရလေလေ အမြဲအော်လေသည်။ အလုပ်ကား ပဲင်ပြာရည် ရောင်းချသောအလုပ်ဖြစ်လေသည်။

ပဲင်ပြာရည်သည် အဖိုးများစွာ မတန်သော်လည်း ငါးသား ပုစွန်၊ အကြော်အချက်၊ အပေါင်းအကင်၊ အပြုတ်ဟူသမျှမှာ သူမှသာ အရသာကို လေးနက်စေသဖြင့် တစ်နိုင်ငံလုံးသုံးရသော ဆိလောက်နီးနီး တွင်ကျယ်သောအလုပ်ကြီးဖြစ်လျက် အရင်းမှာ ကြီးကျယ်ပုံ မရ၊ ပဲ–ထန်းလျက်–ဆား စသည့် အပေါစား ပစ္စည်းများနှင့် ပြီးသည်ဟု ကြားသိရ၏။ လုပ်နည်းမှာလည်း များစွာခက်ဖို့ မရှိ၊ လုပ်သောနေရာများကို သွားရောက်စုံစမ်းလျှင် သိနိုင်ဖို့ရှိလေသည်။

အများအားဖြင့် တရုတ်များသာ လမ်းလျှောက်ကာ ကလေးအမေကို ရှာ၍နေကြသည်မှာ အကြီးအကျယ်လုပ်သော ပေါက်ဖော်များက မြန်မာ

mgyoe.com

mgyoe.com



များကို မယုံကြည်သောကြောင့်လား၊ မြန်မာများကိုယ်တိုင်က မလုပ်သောကြောင့်လားဟု တွေးဖွယ်ရာဖြစ်၍နေလေသည်။

"ကလေးအမေ" ဟု ကြားရသည့်အတိုင်း လမ်းမှန်ပေလိမ့်မည်။ အကြောင်းမူကား ထိုပစ္စည်းကိုရောင်းသော ပေါက်ဖော်၏စိတ်၌ "ငါ အခုလေ ပဲငံပြာရည်ရောင်းလယ်၊ ငံပြာရည်ရောင်းလယ် ပါချိုပါချက် အလုပ်မဟုတ်ဘူး။ ပဲငံပြာရည်ရောင်းလယ် လေးငါးနှစ်ကြာလယ် ဗမာ စာဘောလေ ကလေးအမေ အသားဖြူဖြူဝဝတုတ်တုတ် ငါယူလယ်ဟု စိတ်ထဲ၌ မြန်မာ မဖြူတုတ်ထွားတို့ကို မြင်တိုင်း စိတ်ထဲ၌ ကြုံးဝါး၍ နေပေမှာပဲ။ သို့ကြုံးဝါးသည့်အတိုင်းလည်း မှန်မှာပဲ။

အကယ်၍ မြန်မာလူမျိုးများ ဤအလုပ်ကို ကြီးကျယ်စွာ လုပ်ကြလျှင် မြန်မာလူမျိုး ဆင်းရဲသားများစွာတို့အား ထမ်း၍ရောင်းသောအလုပ်ကိုဖြစ်စေ၊ လှည်းဘီးနှင့် တွန်း၍ရောင်းသော အလုပ်ကိုဖြစ်စေ အနံ့အပြားပေးနိုင်ဖို့ရှိလေရာ အများပင်အကျိုးခံစားရဖို့ ရှိလေသည်။ အဘယ် အတွက်ဖြစ်အောင် မလုပ်ကြပါသနည်း။ ယခုအခါ တရုတ်လူမျိုးများ လုပ်၍နေသောကြောင့် တုပြိုင်သူ မြန်မာ မပေါ်သေးပေ။ မြန်မာ တစ်ယောက်ယောက် ထ၍လုပ်လျှင် တုပြိုင်သူ မြန်မာတွေ တောင်ကပေါ် မြောက်ကထွက်နှင့် ပဲဈေးများပင် အကြီးအကျယ် တက်လေမလား မသိရပေ။ ပဲငံပြာရည်မှာကား ယခု ဈေးကျမည်ကား လွဲမည်မဟုတ်ပေ။ မူးတန်ဝတ္ထုတွေကို မြင်ရုံနှင့် လန့်လှပေကြောင်း။

ဤလိုဂုဏ်ပြိုင် လုပ်ကြလျှင်လည်း မည်သူမျှ အကျိုးရှိမည်မဟုတ်ပေ။ ဤစာအုပ်ထဲမှာ လုပ်စရာအလုပ်တွေ အများကြီးပြပါလျက် တစ်ယောက်တစ်မျိုး မလုပ်ဘဲ တစ်ယောက်လုပ်ထားမှ ဝိုင်း၍လုပ်ကြချေက အလုပ်ကျိုးမှာ စိုးရလေသည်။

mgyoe.com

mgyoe.com



## - ၁၅ -
## မော်လမြိုင် ငံပြာရည်ချက်

အခြားအလုပ်တစ်ခုကား သံချေးတက်လျက် ပေရေသော သံပုံးမှာ ဂုန်အိတ်စုတ်ကိုအုပ်ပြီး ထမ်း၍ရောင်းသော ကော်ရင်ဂျီစားလမ်း လုပ်ငန်းတစ်ခုဖြစ်ရာ ထိုအလုပ်မှာ ဆိပ်ကမ်းကလား ဘယ်ကလဲမသိရ ဖိတ်ကျသော အိုင်ထဲက ငံပြာရည်ဟု ပြောကြသည်ကို ကြားရလေသည်။

ထိုငံပြာရည်များကို အရှုံအရှာမရှိသော မြန်မာလူမျိုးများ ဝယ်၍သုံးကြ၏။ ရောင်းသောကုလားမှာမူ ငံပြာရည်စားသော လူမျိုးမဟုတ်သဖြင့် ပိုက်ဆံရလျှင်ပြီးရောဟု သဘောထားကာ ခွေးချေးပုံအကြားကများ သဲ့ယူ၍ ရောင်းလေသလား မသိရပေ။ ဝယ်ယူသုံးစွဲသူ မရှိချေက ရောင်းကြမည်မဟုတ်၊ အချို့သော မြန်မာကုန်စုံဆိုင်များကလည်း ဈေးပေါပေါရသဖြင့် ထိုငံပြာရည်များကိုပင် တစ်ဆင့်ဝယ်၍ ရောင်းကြမှာ စိုးရလေသည်။

အကယ်၍ မြန်မာလူမျိုးများသည် ငံပြာရည်ကောင်းကောင်းသန့်သန့်ကို ပုလင်းများနှင့်ထည့်ခါ တရုတ်ငံပြာရည်ကဲ့သို့ စာကပ်၍ ရောင်းကြချေက ကေန်ဒီဠ ကလေးအမေရှာသော ပေါက်ဖော်ထက် အတွင်နည်းမည် မဟုတ်ပေ။

အဘယ်အတွက်ထိုအလုပ်ကို လုပ်ကြပါသနည်း။ ငံပြာရည်ကို အစိမ်းရောင်းမည့်အစား သေသေချာချာချက်ပြီး ရောင်းကြလျှင်လည်း ဆင်းရဲသောအိမ်များက ကေန်ဒီဠဝယ်၍ သုံးကြဖို့ ရှိလေသည်။

တစ်ခါစားမိလျှင် ခံတွင်းမှာတွေ့၊ အဘယ်အခါမျှ မမေ့နိုင်၊ ဝက်သားနီ၊ ကြက်သား၊ ဝမ်းဘဲသား မသာနိုင်အောင် ငံပြာရည်ချက်သော နည်းတစ်နည်းမှာ ကျွန်ုပ်တို့ကိုယ်တိုင် ချက်၍စားဖူးသော မော်လမြိုင် ငံပြာရည်ချက်ဖြစ်၏။

mgyoe.com